# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက် | ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၃၇)


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

**လောကဝင်္ဂ(ဓမ္မပဒ - ၁၇၂)**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကလေးစာပေပွဲတော်သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၅**

ကလေးစာပေသည် မိမိတို့၏ ကလေးလူငယ်များကို အပြစ်ကင်းအောင်၊ ပျော်ရွှင်အောင်နှင့် ချစ်စရာအကောင်းဆုံး လူသားများဖြစ်အောင် ဖန်တီးရေးဖွဲ့ကြရသည့် စာပေဖြစ်သည့်အတွက် မိမိတို့အတွက် အလွန်တန်ဖိုးရှိသည်ဟု ပြောရမည်ဖြစ်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ကျင်းပသည့် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် ပြောကြားခဲ့သည်။

**အားပေးမြှင့်တင်**

ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း မိမိတို့အားလုံး အားပေးမြှင့်တင်ပေးရမည့် စာပေအမျိုးအစားတစ်ခုဟု တွေးမြင်ခံစားရပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ကျောင်းသား ကျောင်းသူများနှင့်အတူ ပွဲတော်ကြီးကို တက်ရောက်အားပေးဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း နိုင်ငံတော်သမ္မတက ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ မျက်နှာစာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတက အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၄ ကော်လံ ၁ ✻*

**ကလေးစာပေများမှတစ်ဆင့် မိမိတို့ကို ရိုးသားမှုများ၊ အားမာန်သတ္တိများ၊ နိုင်ငံချစ်စိတ်များ မွေးဖွားပေးခဲ့သည့်အတွက် အနာဂတ်နိုင်ငံတော်၏ သားကောင်းရတနာများကို ကလေးစာပေများ၊ ကလေးစာဖတ်ခန်းများ၊ ကလေးကဗျာများနှင့်အတူ ပြုစုပျိုးထောင်ပေးကြရန် အကြံပြုတိုက်တွန်း**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲလာ ကလေးငယ်လေးများအား ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်စဉ် (သတင်းစဉ်)

## ဂျပန်နိုင်ငံမှ အကူအညီပေးမည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအထောက်အပံ့များကို ပွင့်လင်းမြင်သာစွာဖြင့် ငြိမ်းချမ်းရေးရရှိမည့်လုပ်ငန်းများတွင် အသုံးပြုသွားမည်

**သတင်းကြေညာချက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ ၁-၁၁-၂၀၁၆ ရက်နေ့မှ ၅-၁၁-၂၀၁၆ ရက်နေ့အထိ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။

**နိုင်ငံတော်ကို တတ်နိုင်သမျှ ပြန်လည်အကျိုးပြု**

၂။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂-၁၁-၂၀၁၆ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် တိုကျိုမြို့ရှိ Rihga Hotel တွင် တွေ့ဆုံခဲ့ရာ အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံသား ၁,၃၀၀ ခန့် တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အခမ်းအနား၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ မိန့်ခွန်းပြောကြားခဲ့ရာတွင် ဂျပန်နိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား ကျောင်းသားများနှင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့တတ်ကျွမ်းသည့်ပညာဖြင့် နိုင်ငံတော်ကို တတ်နိုင်သမျှ ပြန်လည်အကျိုးပြုသွားရန်၊ အခြားနိုင်ငံသားခံယူပြီးသူများအနေဖြင့်လည်း မိမိခိုလှုံသည့် နိုင်ငံအပေါ် သစ္စာစောင့်သိသွားရန်နှင့် တစ်ချိန်တည်းတွင် အမိနိုင်ငံတော်အပေါ်လည်း ကျေးဇူးမမေ့ကြရန် ထည့်သွင်းမှာကြားခဲ့ပါသည်။ ယင်းနောက် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ကောင်စစ်ရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံသားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပါသည်။

၃။ ယင်းနေ့ နေ့လယ်ပိုင်းတွင် တိုကျိုမြို့ မြန်မာသံရုံးနှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးမှ ဝန်ထမ်းမိသားစုများအား တွေ့ဆုံနှုတ်ဆက်စကားပြောကြားခဲ့ပြီး မြန်မာသံရုံးမှ တည်ခင်းသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၄။ ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံ၊ အကာစကာ နိုင်ငံတော်ဧည့်ဂေဟာ၌ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✻*




မြန်မာ့အလင်း

# မင်္ဂလာရှိသောခရီးစဉ်နှင့် မင်္ဂလာရှိသောအကျိုးရလဒ်များ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ဂျပန်ဘုရင့်နန်းတော်သို့ သွားရောက်၍ ဂျပန်နိုင်ငံဘုရင် အာကီဟိတိုနှင့် မိဖုရားမီချီကိုတို့အား တွေ့ဆုံခဲ့ပါသည်။ ဂျပန်ဘုရင်နှင့် မိဖုရားတို့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား နွေးထွေးစွာကြိုဆို၍ မြန်မာ-ဂျပန် ဆက်ဆံရေးအပေါ် အလေးထားမှုများကို ပြောကြားခဲ့ပါသည်။ ဤဖြစ်စဉ်သည် ဂျပန်ပြည်သူများနှင့် မြန်မာပြည်သူတို့ကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာအားကောင်းလာတော့မည်ကို လှစ်ဟဖော်ပြလိုက်ခြင်းဖြစ်၍ မင်္ဂလာရှိသောဖြစ်စဉ် ဖြစ်ပါသည်။ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုလျက် အောင်မြင်သောခြေလှမ်းတစ်ရပ်ကို ထပ်မံဖော်ထုတ်ပြသလိုက်ခြင်း ဖြစ်ပါသည်။

ဂျပန်အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် မစ္စတာယိုရှိဟိဒဲစူးဂါးက နိုင်ငံတော်ညှော့ဂေဟာ တိုးချဲ့ခန်းမဆောင်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။ အဆိုပါညစာစားပွဲ၌ ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဂျပန်နိုင်ငံခရီးစဉ်အား နှစ်နိုင်ငံကြား အကျိုးရလဒ်များစွာ ဖြစ်ထွန်းစေသည့်ခရီးစဉ်အဖြစ် ဝမ်းမြောက်ဝမ်းသာပြောဆိုခဲ့ခြင်းသည် နှစ်နိုင်ငံကြား နွေးထွေးရင်းနှီးသော ဆက်ဆံရေးကို ထင်ဟပ်လျက်ရှိပါသည်။ ရရှိဖြစ်ထွန်းခဲ့သော အကျိုးရလဒ်များစွာအနက်မှ အဓိကအချက်သုံးချက်ကို ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်က သီးခြားဆွဲထုတ်တင်ပြခဲ့ခြင်းသည် အလေးအနက်ထား သုံးသပ်ရမည့်အချက်ဖြစ်ပါသည်။ ပထမအချက်ဖြစ်သော ဂျပန်နိုင်ငံက မြန်မာနိုင်ငံအစိုးရသစ်အားကူညီမည်ဟု ကတိကဝတ်ပြုလုပ်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးဖြစ်ထွန်းမှုအပေါ် ဂျပန်နိုင်ငံနှင့် ဂျပန်ပြည်သူတို့၏ အလေးအနက်ထားမှုကို ဖော်ထုတ်ပြသလိုက်ခြင်း ဖြစ်ပါသည်။ အနာဂတ်မျိုးဆက်သစ်များကူးလူးဆက်ဆံမှုမြှင့်တင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်ဝန်ကြီးချုပ်တို့အကြား အမြင်ချင်းဖလှယ်ခဲ့ခြင်းသည် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်မြစ်ချမည့် ခြေလှမ်းတို့ကို လှမ်းလိုက်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များအား မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့ခြင်းသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံအတွင်းပြုလုပ်မည့် ဂျပန်နိုင်ငံ အပါအဝင် ပြည်ပနိုင်ငံတို့၏ ရင်းနှီးမြှုပ်နှံမှုတို့အပေါ် ထပ်ဆင့်အာမခံချက်ပေးလိုက်ခြင်း ဖြစ်ပါသည်။ အဆိုပါ အာမခံချက်အပေါ်မူတည်၍ ဂျပန်လုပ်ငန်းရှင်တို့ က မြန်မာနိုင်ငံအတွင်း ဆောင်ကြဉ်းလာမည့် ရင်းနှီးမြှုပ်နှံမှုတို့သည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်းမြှင့်တင်ရေးကို အားဖြည့်ပေးမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံပြည်သူတို့ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကိုပါ ခိုင်မာအားကောင်းလာစေမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုအပ်ကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။ ။


## မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၅

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)




## သာသနာ့ဝင်စိစစ်ရေးကတ်ပြားများဆက်ကပ်

လားရှိုး နိုဝင်ဘာ ၅

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်အတွင်းရှိ မြို့ပေါ်ကျောင်းတိုက်ငါးတိုက်မှ အမှန်တကယ်သီတင်းသုံးနေထိုင်ကြသောရဟန်း၊ သာမဏေများအား သာသနာ့ဝင်ကတ်များဆက်ကပ်ခြင်းကို နိုဝင်ဘာ ၄ ရက်က ရပ်ကွက်(၁)ရန်အောင်မြင်ကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ယင်းသို့ပေးအပ်ရာတွင် ပြည်နယ်ဒုတိယဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းရဲထွန်း၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးလှိုင်၊ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်ကျော်လင်းနှင့် ဝန်ထမ်းများတက်ရောက်ပြီး သာသနာ့ဝင်စိစစ်ရေးကတ်ပြားများကို သံဃာတော်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ရှမ်းပြည်နယ်ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့ တွေ့ဆုံ

တောင်ကြီး နိုဝင်ဘာ ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ရှမ်းပြည်နယ်ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဖိုးရယ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးသန်းလွင်မြင့်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးကိုကိုအောင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသန်းဇော်ဦး၊ လင်းခေးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးချိုနိုင်တို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လစ်လပ်မဲဆန္ဒနယ်မြေများအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များမှ ရှမ်းပြည်နယ် တောင်ပိုင်းတွင် ကျေးသီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မိုင်းရှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကျိုင်းတုံနှင့်ညောင်ရွှေမြို့နယ်တို့မှ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ကြားဖြတ်ရွေးကောက်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

**ထင်သာမြင်သာပြုပြင်စရာ**

## ပြည်သူများဘေးအန္တရာယ်ကင်းစေရန် လျှပ်စစ်ဝိုင်ယာကြိုးအား ပြုပြင်ပေးစေလို

ကချင်ပြည်နယ် ဗန်းမော်မြို့ မဟာသိမ်တော်ကြီးဘုရားဝင်း အရှေ့ဘက်မုခ်ဦးဝ၏ ယာဘက်အုတ်တံတိုင်းနှင့် ဗိုလ်ချုပ်လမ်းကြားတွင် လျှပ်စစ်မီးလုံး ရှစ်လုံးထွန်းညှိထားသောမီးတိုင်မှ လျှပ်စစ်ဝိုင်ယာကြိုးကို ယင်းမုခ်ဦး၏ဝဲဘက်လျှပ်စစ်မီးတိုင်မှ ယူထားကြောင်း သိရသည်။

အဆိုပါ ဝိုင်ယာကြိုးမှာ မုခ်ဦးပေါ်ကို ဖြတ်ကျော်၍ မုခ်ဦးပေါ်မှ မြေပြင်သို့ချထားပြီး မြေပြင်မှတစ်ဆင့် မုခ်ဦး၏ ယာဘက်ရှိ လျှပ်စစ်မီးတိုင်သို့ ဆက်သွယ်ထားသည်။

ယင်းလျှပ်စစ်မီးကြိုးပေါက်ပြဲပျက်စီးခဲ့ပါက ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအတွက် အသက်အန္တရာယ်စိုးရိမ်နေရသဖြင့် သက်ဆိုင်ရာမှ လျှပ်စစ်မီးကြိုးကို ပြုပြင်ပေးစေလိုကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

မောင်ရီ



နိုဝင်ဘာ ၃ ရက်က ရွှေတောင်မြို့နယ် ဆည်ကြီးကုန်းအုပ်စု ညောင်ဝိုင်းကျေးရွာ တောင်သူ ဦးစိုးမြင့်၏ ကွင်းအမှတ် ၄၁၂ တွင် စိုက်ပျိုးထားသော ချည်မျှင်ချည်ဝါသီးနှံ စံပြစိုက်ကွက် အောင်မြင်မှုကို တောင်သူများအား အောက်တိုဘာလ နောက်ဆုံးပတ်က စိုက်ပျိုးရေးဌာနမှ ပြသစဉ် (မြို့နယ် ပြန်/ဆက်)

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။

၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။

၃။ မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။

၄။ မီးဖိုနှင့် အမိုးနံရံအကြား အပူခံ အကာအရံများထားပါ။

၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

မီးသတ်ဦးစီးဌာန

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၅-၁၁-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၄ · ၀၀ |
| ဥရောပ | တစ်ယူရို | ၁၄၂၀ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄ · ၅၆ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၂၆ |
| တရုတ် | တစ်ယွမ် | ၁၈၉ · ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၆၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော်  နိုဝင်ဘာ ၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ တိုကျိုမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟိဂူချိ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ် စောမင်းနှင့်ဇနီး၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Kaoru Shimazaki နှင့် တာဝန်ရှိသူများက နာရီတာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြို့တော်ဝန်၊ ဂျပန်သံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်သံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်** (သတင်းစဉ်)

*❊ ရှေ့ဖုံးမှ*

ထို့နောက် (၁၇း၅၀)နာရီအချိန်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကာကွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်လူငယ်များအကြား အပြန်အလှန်ဖလှယ်ရေးနှင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များအပေါ် ဂျပန်နိုင်ငံမှ ကူညီပံ့ပိုးဆောင်ရွက်ရေးကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်**

၅။ ဂျပန်ဝန်ကြီးချုပ်မှ မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ဂျပန်နိုင်ငံမှ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ပိုမိုလာရောက်ရေး၊ ပြည်သူများအကြား ချစ်ကြည်ရေးနှင့် အပြန်အလှန်ဖလှယ်မှုများမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အစရှိသည့် ကဏ္ဍများတွင် ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန် တိုင်းရင်းသားလူမျိုးများ နေထိုင်ရာ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (၅)နှစ်အတွင်း ဂျပန်ယန်းငွေ (၄၀)ဘီလီယံ အကူအညီပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

၆။ ဆက်လက်၍ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြို့ပြနှင့်ကျေးလက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အထောက်အကူပြုစေရန် "ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း" (Japan-Myanmar Cooperation Programmes) ဖြင့် မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်း၍ (၅)နှစ်အတွင်း ဂျပန်ယန်းငွေ (၈၀၀)ဘီလီယံ ပမာဏဖြင့် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

**နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု**

၇။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် အစဉ်အဆက် အကူအညီများ ပေးအပ်ခဲ့သည့်အတွက် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများအား ကျေးဇူးတင်ရှိကြောင်း၊ ဂျပန်နိုင်ငံမှ အကူအညီပေးမည့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အထောက်အပံ့များကို ပွင့်လင်းမြင်သာစွာဖြင့် ငြိမ်းချမ်းရေးရရှိမည့်လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်အစိုးရထောက်ပံ့ငွေများ ပေးအပ်မှု၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပြင်ဆင်ရေးတွင် အကူအညီပေးမည့်လုပ်ငန်းများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံ၌ လိုအပ်လျက်ရှိသော လယ်ယာစိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်လုံလောက်စွာ ရရှိရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစရှိသော ကဏ္ဍများတွင် ကူညီပေးစေလိုကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။

**စာချွန်လွှာလက်မှတ်ရေးထိုး**

၈။ ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့်အတူ "မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအစိုးရတို့အကြား ဂျပန်ပြည်ပ ပူးပေါင်းဆောင်ရွက်မှုလုပ်အားပေးများ စေလွှတ်ရေးအစီအစဉ်အရ မြန်မာနိုင်ငံသို့ လုပ်အားပေးများ စေလွှတ်ရေးဆိုင်ရာစာချွန်လွှာ" လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ ယင်းနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ပြီး၊ နှစ်နိုင်ငံခေါင်းဆောင်များမှ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ဆွေးနွေးသဘောတူညီချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြပါသည်။ ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးမှ အကာစကာ နိုင်ငံတော်ဧည့်ဂေဟာ၊ ကာချိုးခန်းမတွင် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၉။ ၃-၁၁-၂၀၁၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖုမိအို ခိရှိဒါက Imperial Hotel ၌ လာရောက် တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ဆက်လက်ချိတ်ဆက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အထူးသဖြင့် မဲခေါင်ဒေသတွင်းရှိ နိုင်ငံများအကြား ဆက်လက်ချိတ်ဆက်မှုခိုင်မာရေးနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များ၌ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။ ထို့ပြင် နျူကလီးယားလက်နက် စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ် (CTBT) ကို မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးခဲ့ခြင်းကို ဂျပန်နိုင်ငံက ကြိုဆိုခဲ့ပြီး၊ ယင်းစာချုပ် အသက်ဝင်လာရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှ - ဥရောပဆွေးနွေးပွဲ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအောင်မြင်မှုရရှိရန် ပူးပေါင်းဆောင်ရွက်သွားရေးတို့အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

**ဂုဏ်ထူးဆောင်ပါရဂူဘွဲ့**

၁၀။ ယင်းနေ့မှာပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျိုတိုမြို့သို့ သွားရောက်ခဲ့ပြီး ကျိုတိုတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ပေးအပ်သည့်အခမ်းအနားသို့ တက်ရောက်ကာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို လက်ခံရယူခဲ့ပါသည်။ ထို့နောက် ယင်းတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူအချို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းနေ့ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျိုတိုခရိုင် အုပ်ချုပ်ရေးမှူး၊ ကျိုတိုမြို့တော်ဝန်နှင့် ကျိုတိုမြို့ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့မှ ကျိုတိုနိုင်ငံတော်ဧည့်ဂေဟာ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၁၁။ ၄-၁၁-၂၀၁၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်ဧကရာဇ် အာကီဟီတိုနှင့် မိဖုရား မီချိကိုတို့အား တိုကျိုမြို့ရှိ ဂျပန်ဘုရင့်နန်းတော်၌ သွားရောက်တွေ့ဆုံခဲ့ပါသည်။

**သတင်းမီဒီယာ**

၁၂။ ယင်းနေ့တွင်ပင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့နှင့် ဂျပန်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲ၌ မိန့်ခွန်းပြောကြားခဲ့ပြီး ဂျပန်နိုင်ငံ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များအား တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်အမျိုးသားသတင်းထောက်များအသင်း၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်၍ သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြို့ပြနှင့် ကျေးလက် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အထောက်အကူပြုစေရန် ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း (Japan - Myanmar Cooperation Programmes) ဖြင့် မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်း၍ (၅)နှစ်အတွင်း ဂျပန်ယန်းငွေ (၈၀၀) ဘီလီယံ ပမာဏဖြင့် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်သွားမည်

**အကျိုးရလဒ်များစွာဖြစ်ထွန်း**

၁၃။ ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် မစ္စတာ ယိုရှိဟိဒဲစူးဂါးမှ နိုင်ငံတော်ဧည့်ဂေဟာ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ ညစာစားပွဲတွင် မစ္စတာ စူးဂါးမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဂျပန်နိုင်ငံခရီးစဉ်သည် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား အကျိုးရလဒ်များစွာ ဖြစ်ထွန်းစေသည့် ခရီးစဉ်ဖြစ်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ခရီးစဉ်၌ အဓိကအကျိုးရလဒ် (၃)ခုရှိပါကြောင်း၊ ပထမအချက်မှာ ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအစိုးရသစ်အား အကူအညီပေးရန် ကတိကဝတ်များ ပြုနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဒုတိယအချက်မှာ ဝန်ကြီးချုပ် မစ္စတာအာဘေးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့အကြား အနာဂတ်မျိုးဆက်သစ်များ ကူးလူးဆက်ဆံမှုမြှင့်တင်ရေးကို အကောင်အထည်ဖော်ရန် အမြင်ချင်းဖလှယ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တတိယအချက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များအား မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်းနှင့် ခေါင်းဆောင်နှစ်ဦးတွေ့ဆုံစဉ် ရရှိခဲ့သည့် သဘောတူညီချက်များကို အမြန်ဆုံး အကောင်အထည်ဖော်သွားနိုင်ရေးအတွက် ၎င်းအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

၁၄။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၅-၁၁-၂၀၁၆ ရက်နေ့ (၁၁း၀၀) နာရီအချိန်တွင် တိုကျိုမြို့ နာရီတာလေဆိပ်မှ ပြန်လည်ထွက်ခွာလာရာ ဒေသစံတော်ချိန် (၁၆း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်။**




နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် တက်ရောက်အမှာစကား ပြောကြားစဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲလာ ကျောင်းသား ကျောင်းသူလေးများအား အမှတ်တရစာအုပ်များ ပေးအပ်စဉ် (သတင်းစဉ်)

*ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နိုင်ငံတော်သမ္မတက ယခုကဲ့သို့ ကလေးစာပေပွဲတော်ကြီးကို တက်ရောက်ခွင့်ရသည့်အတွက် ကလေးစာပေများ၊ ကလေးကဗျာများနှင့် နီးနီးကပ်ကပ်ကြီးပြင်းခဲ့ရသည့် မိမိအတွက် အလွန်ဝမ်းသာကြည်နူးဖြစ်မိပါကြောင်း။

အားလုံးသိကြသည့်အတိုင်း စာပေထဲတွင် ကလေးစာပေသည် အခြားစာပေများထက် ပို၍ခက်ခဲနက်နဲသည်ဟု ခံစားမိပါကြောင်း၊ လူကြီးစာပေဆိုသည်မှာ နယ်နိမိတ်သတ်မှတ်ချက် နည်းပါးပြီး စိတ်ရှိသလောက် လွတ်လပ်စွာဖန်တီးနိုင်သည်ဟု မိမိအနေဖြင့် မြင်မိပါကြောင်း၊ ကလေးစာပေများမှာ ကလေးများနှင့် ရင်းနှီးသည့်ပတ်ဝန်းကျင်မှ အကြောင်းအရာများကိုသာ စဉ်းစားရပါကြောင်း၊ ကလေးများ၏ အသိဉာဏ်သည် နုနယ်ပြီး စိတ်ကူးယဉ်တတ်ကြသဖြင့် ကလေးများ၏ အတွင်းစိတ်ကို ဝင်ကြည့်ပြီး စိတ်ကူးစိတ်သန်းများနှင့် လိုက်ဖက်ညီအောင် ရေးသားဖန်တီးကြရခြင်း ဖြစ်ပါကြောင်း။

**ကလေးစာပေသမိုင်း**

မိမိတို့နိုင်ငံ၏ မြန်မာ့ကျေးလက်ပုံပြင်များ၊ ကျေးလက်ကဗျာများသည် ကလေးစာပေအဖြစ်၊ နှုတ်ပြောစာပေအသွင်ဖြင့် ပေါ်ပေါက်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ မိမိတို့ငယ်စဉ်က ကြားနာရွတ်ဆိုခဲ့ရသည့် အမေမျှော်တေးများ၊ သားချော့တေးများသည် မိမိတို့ ကလေးစာပေသမိုင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့်အတွက် အလွန်ပင် တန်ဖိုးရှိသည်ဟု ပြောလိုပါကြောင်း။

**သားကောင်းရတနာများ**

အဆိုပါကလေးစာပေများမှတစ်ဆင့် မိမိတို့ကို ရိုးသားမှုများ၊ အားမာန်သတ္တိများ၊ နိုင်ငံချစ်စိတ်များ မွေးဖွားပေးခဲ့သည့်အတွက် အနာဂတ်နိုင်ငံတော်၏ သားကောင်းရတနာများကို ကလေးစာပေများ၊ ကလေးစာဖတ်ခန်းများ၊ ကလေးကဗျာများနှင့်အတူ ပြုစုပျိုးထောင်ပေးကြရန် အကြံပြုတိုက်တွန်းလိုပါကြောင်း၊ ထို့အပြင် ကလေးများကို ကျောင်းသင်ခန်းစာများအပြင် စာပေဖတ်ရှုလေ့လာတတ်သည့် အလေ့အထများ ပေါ်ပေါက်လာအောင် ကျောင်းပတ်ဝန်းကျင်၊ အိမ်ပတ်ဝန်းကျင်များကို အသိပညာဆည်းပူးနိုင်သည့် ပတ်ဝန်းကျင်ကောင်းများဖြစ်အောင် ဖြည့်ဆည်းဖန်တီးပေးကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

**ကလေးများပျော်ရွှင်လာစေရန်**

ယနေ့ပြုလုပ်သည့် ကလေးစာပေပွဲတော်ကြီးသည် အနာဂတ်၏ ခေါင်းဆောင်လောင်းများကို ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ စာပေနှင့်ရင်းနှီးပြီး စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေးများပျော်ရွှင်လာစေရန် ရည်ရွယ်ကျင်းပသည့် ပွဲတော်ကြီးဖြစ်သည့်အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ကူညီကြစေလိုကြောင်း၊ အနာဂတ်နိုင်ငံတော်၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမည့် ကလေးစာပေ၊ ကလေးကဗျာ၊ ကလေးစာဖတ်ခန်းများ ဖွံ့ဖြိုးလာစေရန် တတ်နိုင်သည့် ကဏ္ဍအသီးသီးမှနေ၍ အားပေးကူညီကြစေလိုကြောင်း ပြောကြားသည်။

**ကလေးကဗျာ**

နိုင်ငံတော်သမ္မတက ဝါဆိုဝါခေါင် ရေတွေကြီးလို့ဆိုသည့် ကဗျာသည် ဘယ်တုန်းက စခဲ့သလဲဆိုလျှင် ၁၉၃၁ ခုနှစ် ဇွန်လတွင် ဒီအဘိုးကဗျာဆရာကြီးက ဗမာပြည်ရှိကလေးများ၊ ကျောင်းသားကျောင်းသူများအတွက် ဟိုးတုန်းက သင်ရိုးတွင် ကလေးကဗျာဆိုသည်မှာ မရှိကြောင်း၊ ပညာဝန်က ကလေးများဆိုနိုင်အောင် ကဗျာများသင်ပေးပါဆိုသည့် မိန့်ကြားစာထွက်လာရာ အဲဒီအဘိုးက ကွမ်းခြံကုန်းမြို့တွင် ကျောင်းဆရာကြီးလုပ်နေချိန်မှာ သင်စရာကဗျာမရှိ၍ အင်္ဂလိပ်ကဗျာလည်း မသင်ချင်သဖြင့် သူ့ဘာသာ တွေးတောကြံဆပြီး ဒီကဗျာလေးကို စပ်ခဲ့ခြင်းဖြစ်ကြောင်း။

**လူသိများသည့် ကဗျာ**

သပြေသီးကောက်ကဗျာနှင့် ဥပုသ်စောင့်ဆိုသည့် ကဗျာတို့ကို တစ်ရက်တည်းနှင့် ရေးခဲ့ခြင်းဖြစ်ကြောင်း၊ နောက်တစ်ပတ်အတွင်း ကလေးများအတွက် ကဗျာခုနစ်ပုဒ် ရေးခဲ့ကြောင်း၊ ပိုးစုန်းကြူး၊ တောက်တဲ့ စသည့်ကဗျာများ ရေးခဲ့ကြောင်း၊ ဝါဆိုဝါခေါင်နှင့် ဆွမ်းအုပ်နီနီ အမေရွက်လို့ကတော့ လူသိများသည့် ကဗျာတွေဖြစ်ကြောင်း။

**လယ်စောင့်တဲလေး**

နောက်တစ်ခု ပြောချင်သည်မှာ လယ်စောင့်တဲဆိုသည့် ကဗျာလေးသည် အဘိုးမင်းသုဝဏ် နိုင်ငံခြားတွင် စာသွားသင်သည့်အချိန်၊ ၁၉၃၆ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိနေခဲ့စဉ် နိုင်ငံခြားမှာ၊ ရေခြားမြေခြားမှာ၊ စာပေသွားသင်သည့်အချိန်မှာ ပတ်ဝန်းကျင်ကိုလေ့လာပြီး ကလေးများ ပတ်ဝန်းကျင်မှာ ရှိတာ၊ ကလေးများနှင့် နီးစပ်တာကို သူစဉ်းစားကြောင်း၊ အဘိုးမင်းသုဝဏ်က ကျေးလက်တောတောင်မှာ ကြီးပြင်းခဲ့သူမို့ ကျေးလက်သဘာဝကို သတိရကြောင်း၊ မြန်မာပြည်ကို သတိရကြောင်း၊ ထို့ကြောင့် လယ်စောင့်တဲလေးဆိုသည့် ကဗျာလေးမှာ လွန်ခဲ့သော နှစ် ၈၀ က စပ်ခဲ့သည့် ကဗျာဖြစ်ကြောင်း၊ ဖတ်ရတာလည်း လွယ်ကြောင်း၊ အရင်တုန်းက ကျောင်းဖတ်စာတွေမှာလည်း ပါခဲ့ကြောင်း၊ တစ်ချိန်မှာတော့ အကြောင်းကြောင်းကြောင့် အဘိုး၏ကဗျာများသည် ကျောင်းဖတ်စာတွေထဲမှ ပျောက်သွားကြောင်း၊ ထုတ်ပယ်ခြင်းကို ခံခဲ့ရကြောင်း၊

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့်အတူ ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

*စာမျက်နှာ ၄ မှ*

ယင်းကဗျာများသည် နောက်ပိုင်းပြန်ပေါ်လာသည်ကို သားတို့၊ သမီးတို့ကို သိစေချင်ကြောင်း။

နောက်တစ်ခု ပြောချင်သည်မှာ အဘိုးက ကဗျာဆရာဆိုတော့ သားတို့ သမီးတို့ကို ကဗျာစပ်တတ်စေချင်သဖြင့် ရှေးတုန်းက ကလေးဂျာနယ်ဆိုတာ ရှိကြောင်း၊ ကလေးများ ကဗျာစပ်တတ်အောင် ဘယ်လို ကဗျာစပ်မည်ဆိုသည်ကို အခန်းဆက်ရေးခဲ့ကြောင်း၊ ကလေးများကဗျာလည်း စပ်တတ်စေချင်ကြောင်း၊ ငှက်တွေအကြောင်း သိစေချင်ကြောင်း၊ သဘာဝအကြောင်းလည်း သိစေချင်ကြောင်း၊ အများကြီးလုပ်ခဲ့ကြောင်း။

**မိုးပေါ်မှာ ကြယ်တစ်လုံး**

မိုးရာသီကုန်လို့ ဆောင်းဦးပေါက်လာပြီဆိုလျှင် ည အိမ်မှာမိုးကောင်းကင်ကို မော့ကြည့်လိုက်လျှင် လမင်းကြီးနှင့် ကြယ်အမျိုးမျိုးတွေ့နိုင်ကြောင်း၊ ရိုးရိုးကြည့်လျှင် ကြယ်များသာ ဖြစ်ကြောင်း၊ သို့သော် ကြယ်များသည် ဘယ်လို အဓိပ္ပာယ်ရှိသည်၊ ကြယ်များကို ဘယ်လိုနာမည်ပေးထားသည်၊ ဒီကြယ်များကို အလေးထားပြီး ဘယ်လိုခရီးသွားသည်ဆိုသည့် အကြောင်းများလည်း သိစေချင်သည့်အတွက် မိုးပေါ်မှာ ကြယ်တစ်လုံးဆိုသည့် စာအုပ်လည်းရေးခဲ့ကြောင်း၊ ဒါကလည်း ကလေးများအတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ပုံပြင်များဆိုလျှင်လည်း ဘိုးဘိုးကြီးက အများကြီးရေးခဲ့ကြောင်း၊ ဘိုးဘိုးက ၁၉၀၉ ခုနှစ်တွင် မွေးပြီး ၂၀၀၅ ခုနှစ်တွင် ဆုံးကြောင်း၊ အသက် ၉၆ နှစ်အထိ နေသွားကြောင်း၊ ထိုကာလအတွင်း ကလေးပုံပြင် ၄၀၀ ကျော် ရေးသွားကြောင်း၊ နောက်ဆုံးစာရေးနိုင်သည့်အချိန်အထိ ကလေးကဗျာ၊ ကလေးပုံပြင်များ၊ ငှက်အကြောင်းများ ရေးသွားကြောင်း။



ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၌ ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များအား ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ၊ စာပေဝါသနာရှင်များ ကြည့်ရှုအားပေးစဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၌ ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များအား ကြည့်ရှုအားပေးစဉ် (သတင်းစဉ်)

**တန်ဖိုးထားသည်ကို သိစေချင်**

သားတို့၊ သမီးတို့ကို သိစေချင်သည်မှာ ကလေးစာပေကို တစ်ချိန်တုန်းက အခု မရှိတော့ပေမယ့် ဒီဘိုးဘိုးသည် သားတို့၊ သမီးတို့ကို ဘယ်လောက်ချစ်သည်၊ သားတို့ သမီးတို့ကို ဘယ်လောက် တန်ဖိုးထားသည်ကို သိစေချင်သည့်အတွက် ပြောပြခြင်းဖြစ်ကြောင်း ပြောကြားသည်။

**အမှတ်တရစာအုပ်များပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး လာရောက်ကြည့်ရှုသည့် ကျောင်းသား ကျောင်းသူများကို အမှတ်တရစာအုပ်များ ပေးအပ်သည်။

ကလေးစာပေ ပွဲတော်သို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၌ ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များ၌ ကြည့်ရှုလေ့လာနေကြသည့် ကလေးငယ်များအား တွေ့ရစဉ် (သတင်းစဉ်)



ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲလာ ကလေးငယ်လေးများက ရော်ဘာရွှံ့စေးဖြင့် ပြုလုပ်ထားသည့် အရုပ်ကလေးများအား စိတ်ဝင်စားစွာ ကြည့်ရှုနေစဉ် (သတင်းစဉ်)



# ငယ်ရွယ်စဉ် စာအုပ်စာတမ်းများထိတွေ့နေသည့်ကလေးများ စာအုပ်ထဲမှ အသိပညာ ဗဟုသုတများရရှိနိုင်သည့်အတွက် ကျန်သည့်ကလေးများထက် ထူးချွန်အောင်မြင်

နေပြည်တော် နိုဝင်ဘာ ၅

**မိဘများ၊ ဆရာများအနေဖြင့် ကျောင်းသင်ခန်းစာအပြင် အထူးရိုက်နှိပ်ထားသည့် စာပေများဖတ်ပြီး ကလေးများကို အသိများပေးစေချင်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပုံပြောပြိုင်ပွဲ ပထမဆုရ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲလာ ကျောင်းသား ကျောင်းသူများ သိပ္ပံပညာဆိုင်ရာပြခန်း၌ ကြည့်ရှုလေ့လာကြစဉ်

ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်သည့် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

**စုံလင်စွာစီစဉ်ပေးထား**

ပြည်ထောင်စုဝန်ကြီးက ကလေးများအတွက် ပျော်စရာရွှင်စရာ အစီအစဉ်မျိုးစုံကို တတ်နိုင်သမျှ စုံလင်စွာစီစဉ်ပေးထားပါကြောင်း၊ ယနေ့ပွဲတော်ကို လာသည့်အခါ ကလေးများ ပျော်ရွှင်သွားရန်မှာ ပထမဆုံးရည်ရွယ်ချက်ဖြစ်ပါကြောင်း၊ ကလေးများအတွက် ပျော်ရွှင်စရာ အမှတ်တရ နေ့ရက်တစ်ခုဖြစ်သွားစေချင်ပါကြောင်း၊ ပျော်ရွှင်ရင်းနှင့် တစ်ချိန်တည်းမှာပင် ပြသထားသည့် ပြကွက်များ ကြည့်ရှုရင်း အသိဉာဏ်တစ်စုံတစ်ရာ တိုးသွားလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် ပျော်ရွှင်မှုနှင့်အတူ အသိဉာဏ်ပညာ တစ်စုံတစ်ရာ တိုးသွားရန် ရည်ရွယ်ပါကြောင်း။

**ကလေးစာပေပွဲတော်**

ကလေးစာပေပွဲတော် နာမည်နှင့် စာပေပွဲတစ်ခုကို ယခုနှစ် စောစောပိုင်း ဇန်နဝါရီလထဲတွင် ရန်ကုန်မြို့၌ ကျင်းပပါကြောင်း၊ ရန်ကုန်မြို့တွင် ထိုအချိန်က စာရေးဆရာ မိမိနှင့် မိတ်ဆွေများဖြစ်သည့် စာရေးဆရာ၊ ကဗျာဆရာများ၊ စာအုပ်ထုတ်ဝေသူများ၊ စာအုပ်လုပ်ငန်းသမားများ၊ စာကြည့်တိုက်ပညာရှင်များ၊ စာအုပ်စာပေကိစ္စတွင် စိတ်ဝင်စားသည့် ပုဂ္ဂိုလ်များနှင့် အတူတွဲပြီး မိမိတို့ ကလေးစာပေပွဲတော်ကို ရန်ကုန်တွင်ကျင်းပပါကြောင်း။

နေ့ခင်းပိုင်းတွင် စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲ၊ စာအုပ်ရောင်းပွဲ၊ ကလေးများအတွက် ပျော်ရွှင်ဖွယ်ရာ အစီအစဉ်မျိုးစုံဖြင့် ကျင်းပပါကြောင်း၊ ရန်ကုန်တွင် သုံးရက်လုံးလုံးက တိုးမပေါက်အောင် စည်ကားခဲ့ပါကြောင်း၊ ထိုပွဲတော်မျိုးကို မိမိတို့ နေပြည်တော်တွင် ကျင်းပချင်သော်လည်း ရန်ကုန်နှင့် နေပြည်တော် ပတ်ဝန်းကျင်အနေအထား၊ လူနေထိုင်မှုချင်းကွာခြားသောကြောင့် နေပြည်တော်တွင် ရန်ကုန်နှင့် တစ်ထပ်တည်း တူညီစွာ မလုပ်နိုင်ပါကြောင်း၊ နေပြည်တော်၏ အခြေအနေနှင့် သင့်တင့်လျောက်ပတ်စွာ ဆောင်ရွက်ရပါကြောင်း ပြောကြားသည်။

ရန်ကုန်၌ စာပေပွဲတော်ကို ကျင်းပခဲ့ရာတွင် ယခုကဲ့သို့ မည်သူမဆို တက်ရောက်နိုင်သည့်အတွက် စာသင်ကျောင်းများနှင့် အရပ်ထဲမှ ကလေးငယ်များစွာ လာကြပါကြောင်း၊ နေပြည်တော်တွင် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ ကျောင်းများနှင့် ပြင်ပပုဂ္ဂလိကကျောင်းများ၊ ဆရာ ဆရာမများနှင့် ကလေးများကို ယခုပွဲတွင် ပါဝင်ဆင်နွှဲပေးရန် မိမိတို့ ဖိတ်ခေါ်ခဲ့ပါကြောင်း၊ ကလေးငယ်များစွာ တက်ရောက်လာကြသည်ကို တွေ့ရသည့်အတွက် အားလုံးကို ကျေးဇူးတင်ပါကြောင်း။

**စိတ်ဝင်စားသည့်အကြောင်းအရာ**

ယခုပွဲတော်တွင် စာအုပ်စာတမ်းတော်တော်များများ ခင်းကျင်းထားသည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊ ကလေးသူငယ်များ၏ အသက်အရွယ်မျိုးစုံနှင့် လိုက်ဖက်သည့်စာအုပ်များ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာစာအုပ်များကို အစုံတွေ့ရမည်ဖြစ်ပါကြောင်း၊ ကလေးတစ်ယောက်အနေဖြင့် စာအုပ်တစ်အုပ်ကို အဖုံးတွင်ပါသည့် သရုပ်ဖော်ပုံကြောင့်ဖြစ်စေ၊ စာအုပ်အမည်ကြောင့် ဖြစ်စေ၊ စိတ်ဝင်စား၍ ဖတ်ကြည့်ပြီး စာအုပ်ထဲတွင်လည်း သူစိတ်ဝင်စားသည့်အကြောင်းအရာ တွေ့သွားပါက စာအုပ်ကို ကြောက်တော့မည် မဟုတ်ပါကြောင်း။

ထိုသို့စာဖတ်ရင်းဖြင့် အသိပညာ ကြွယ်ဝသည့် ကလေးများဖြစ်လာမည် ဖြစ်ပါကြောင်း၊ စာဖတ်ခြင်းသည် အသိပညာဗဟုသုတများကို ပြည့်ဝစေပါကြောင်း၊ ကလေးများ၏ နှလုံးသားသည် အင်မတန်နူနယ်၊ နူးညံ့သိမ်မွေ့ပါကြောင်း၊ ထို့ပြင် ကလေးများ၏ နှလုံးသားသည် ထိလွယ်၊ ရှလွယ်၊ ခံစားလွယ်ပါကြောင်း၊ ထို့ကြောင့် ငယ်ငယ်ရွယ်ရွယ်တွင် ဖတ်လိုက်သည့် စာများသည် အသက်ကြီးလာသည့်အထိ စွဲစွဲလမ်းလမ်း ဖြစ်သွားပါကြောင်း၊ အသက်ကြီးလာသည့်အခါ အတွေ့အကြုံများ မျိုးစုံရလာသည့်အတွက် နှလုံးသားက ထူထဲ ကြမ်းတမ်းလာပါကြောင်း၊ တော်ရုံတန်ရုံလည်း မထိမရှ၊ မခံစားတော့ပါကြောင်း။

**စိတ်ကောင်းနှလုံးကောင်း**

ကလေးများအတွက် ရေးထားသည့် စာပေများကို ကြည့်လိုက်ပါက မကောင်းသည့်အရာများ သိပ်မပါပါကြောင်း၊ ကလေးများ၏ စိတ်ကောင်းနှလုံးကောင်းကိုပေးသည့် စာပေများ များပါကြောင်း၊ တရားခြင်း၊ မတရားခြင်း စသဖြင့် ခွဲခွဲခြားခြား ပြတ်ပြတ်သားသား ပြသည့်စာများပါကြောင်း၊ ကလေးများကို စာပေများမှတစ်ဆင့် သင်ခန်းစာများ ပေး၍ရပါကြောင်း။

ဥပမာ အီစွတ်ပုံပြင်များဆိုသည့် စာအုပ်ကို မှတ်မိကြမည်ဖြစ်ပါကြောင်း၊ ယင်းစာအုပ်ကို ပြန်ဖတ်ကြည့်လိုက်ပါက ပုံပြင် ၁၀၀ တွင် ၉၀ ခန့်မှာ စာမျက်နှာတစ်ဝက်လောက်သာ ရှိပါကြောင်း၊ စပျစ်သီးတွဲကြီးကို မြေခွေးက ခုန်ပြီး စားဖို့ကြိုးစားမှု၊ မမီသည့်အခါ ဒီအသီးက ချဉ်သည်ဆိုပြီး ထွက်သွားသည့်အကြောင်း၊ ပုံပြင်ကပေးသည်မှာ တချို့လူများသည် ထိုစပျစ် သီးဆိုသည့်အရာကို သူမရသည့်အခါ မကောင်းပြောပါလားဆိုသည့်အတွေး တွေးမိပါကြောင်း၊ ယုန်နှင့် လိပ်အပြေးပြိုင်သည့်ပုံပြင်ဆိုလျှင် ယုန်က ဘဝင်မြင့်ပြီး အိပ်နေခြင်းကြောင့် လိပ်ကိုရှုံးသွား ကြောင်း၊ လိပ်က ဝီရိယကောင်းသည့် အတွက် နိုင်သွားကြောင်း ခေါင်းထဲတွင် အသိဉာဏ်ရလာပါကြောင်း။

**ငယ်ငယ်ရွယ်ရွယ်က သိရန်လိုအပ်**

ကလေးစာပေတွင် ပုံပြင်များက အဓိပ္ပာယ်၊ အသိလေးများ ပေးခြင်းဖြစ်ပါကြောင်း၊ ကလေးများ စာဖတ်လာပြီး ကလေးစာပေများ ပိုမိုထွန်းကားလာပါက ကလေးစာကောင်း ပေကောင်းများ ရေးသည့်လူများလည်း ပေါ်လာမည်ဖြစ်ပါကြောင်း၊ ကလေးများသည် ရှေးကရှိခဲ့သည့် ပုံပြင်များမှရသည့် အသိနှင့် လောကကြီးအကြောင်း၊ လူများအကြောင်းကို ငယ်ငယ်ရွယ်ရွယ်ဖြင့် သိနိုင်ပါကြောင်း၊ ထို့ပြင် လူကြီးများသိနေသည့် အသိများကိုလည်း ကလေးများ စောစောစီးစီး ငယ်ငယ်ရွယ်ရွယ်က သိရန်လိုအပ်ပါကြောင်း၊ သို့မှသာ လူ့အဖွဲ့အစည်းထဲတွင် အဆင်ပြေပြေနှင့်နေသွားနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ကလေးများကို ရည်ရွယ်ပြီး ကလေးများကို ယခုခေတ်လူကြီးများ၏ အမြင်များ၊ အတွေးများ စောစောစီးစီး သိနိုင်အောင် ရေးသားထားသည့် စာအုပ်စာပေများ ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့ ကလေးများကို ငယ်စဉ်အရွယ်ကတည်းက စာအုပ် စာပေများ စီစဉ်ဆောင်ရွက်ပေးမည်ဆိုပါက ကလေးများသည် အသက်အရွယ် အတော်အတန်ရလာသည်နှင့်အမျှ အသိပညာ ဗဟုသုတများ ပြည့်စုံလာမည်ဖြစ်ပါကြောင်း၊ နည်းနည်းလေးအရွယ်ရောက်သည့် အချိန်တွင် သူ့ပတ်ဝန်းကျင်၊ သူ့အဖွဲ့အစည်းထဲတွင် သူတို့ လုပ်သင့်ကိုင်သင့်သည့် အလုပ်၊ မည်သည့်နေရာတွင် ခံယူသင့်သည့်အသိစသည်ဖြင့် မည်သည့်အရာများ ဆောင်ရွက်သင့်သည်ကို ကလေးများ အရွယ်ရောက်သည့်အချိန်တွင် ပြည့်စုံပြီးသားဖြစ်နေပြီဆိုသည့် အနေအထားလေးကို တွေ့ရပါကြောင်း။

မိမိတို့ ရေးထားသည့် ဆောင်ပုဒ်များရှိပါကြောင်း၊ အိမ်တစ်အိမ် စာအုပ်စင်တစ်စင်၊ ကျောင်းတစ်ကျောင်း စာကြည့်တိုက်တစ်တိုက်ဖြစ်ပါကြောင်း၊ ငယ်ရွယ်စဉ်တွင် စာအုပ်စာတမ်းများ ထိတွေ့နေတတ်သည့် ကလေးများသည် စာအုပ်ထဲမှ အသိပညာ ဗဟုသုတများ ရရှိနိုင်သည့် အတွက်ကြောင့် ကျန်သည့်ကလေးများထက် ပိုပြီးထူးချွန်သည့်၊ အောင်မြင်သည့် လူတော် လူကောင်းလေးများ ဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် ယခုတက်ရောက်လာကြသည့် လူကြီးမင်းများ၊ ဌာနဆိုင်ရာအကြီးအကဲပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများအားလုံးက ကလေးများအတွက် စာအုပ်စာပေဖတ်ရင်း ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးကြစေလိုပါကြောင်း ပြောကြားသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် Success Language Academy ကျောင်းမှ ကျောင်းသား ကျောင်းသူများက ပင်လယ်ဓားပြပုံပြင်၊ ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ရိုးအလွန်းသူများ ပုံပြင်၊ Success Language Academy ကျောင်းမှ ကျောင်းသား ကျောင်းသူများက စစ်ပွဲများနှင့် မေတ္တာဇာတ်လမ်းတစ်ပုဒ်ပုံပြင်နှင့် ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပိုနေမြဲ ကျားနေမြဲ ပုံပြင်များဖြင့် တင်ဆက်ကြပြီး ပန်းပျိုးလက်လူငယ်စင်တာမှ ကျောင်းသား ကျောင်းသူများက နှလုံးသားလုဖို့ စာဖတ်ကြစို့ အော်ပရာပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။




ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲလာ ကျောင်းသား ကျောင်းသူများ မျက်လှည့်ပြပွဲကို ကြည့်ရှုအားပေးကြစဉ်

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၌ မျက်လှည့်ပြပွဲ၊ သိပ္ပံပညာဆိုင်ရာပြခန်း၊ ပန်းချီကားဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲတို့တွင် ကြည့်ရှုအားပေးသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည့်အပြင် စာအုပ်အရောင်းဆိုင်များကလည်း ကလေးစာအုပ်များကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

**ဝိုင်းဝန်းကူညီ**

ညနေပိုင်းတွင် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ယခုကျင်းပသည့် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် အဖွဲ့အစည်းအသီးသီးက ပါဝင်ကူညီဆောင်ရွက်ပေးသည့်အတွက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မကြာမီကာလအတွင်း ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ယခုကဲ့သို့ ကလေးစာပေပွဲတော်ကို ကျင်းပသွားရန်ရှိသည့်အတွက် ပါဝင်ကူညီပေးသော အဖွဲ့အစည်းအသီးသီး အနေဖြင့် နောင်ကျင်းပမည့် ကလေးစာပေပွဲတော်များ အောင်မြင်စွာကျင်းပနိုင်ရန် ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အထက်တန်းအဆင့် ပုံပြောပြိုင်ပွဲ၊ အလယ်တန်းနှင့် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ အလယ်တန်းနှင့် မူလတန်းအဆင့် စက္ကူခေါက်ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ဆက်လက်၍ ကလေးစာပေပွဲတော်တွင် ပါဝင်ကူညီကြသည့် အဖွဲ့အစည်းများကို ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# စာပေကရလာတဲ့ ဗဟုသုတနဲ့ အသိဉာဏ်က ကလေးရဲ့ဘဝကို ဖွံ့ဖြိုးတိုးတက်စေ

*✻ ကျော်ဖုံးမှ*

ပြုလုပ်တာဟာ ပညာရေးအတွက် အများကြီး အထောက်အကူ ဖြစ်စေပါတယ်။ အဲ့ဒီအတွက် အလွန်ပဲ ဝမ်းသာဂုဏ်ယူမိပါတယ်။ ကလေးတွေ တော်တော်များများက ကျောင်းမှာရှိတဲ့ စာအုပ်တွေကိုပဲ ဖတ်ရတယ်။ ကျောင်းမှာသင်တဲ့အရာတွေပဲရတယ်။ အဲ့ဒီအတွက် ဒီလိုမျိုးစာအုပ်လေးတွေကို အခြားအရပ်ကလေးတွေနဲ့ တွဲပြီးတော့ ထွက်လာတဲ့အချိန်မှာ ကလေးတွေက စိတ်ဝင်စားမှု ပိုရှိလာတာကို တွေ့ရတယ်။ အဲ့ဒီအတွက် ပိုပြီး မှတ်သားလာနိုင်တယ်၊ ပိုပြီးလည်း စိတ်ဝင်စားဖို့ ကောင်းလာတယ်ဆိုတော့ သူတို့ရဲ့ပညာရေး အတွက် အထောက်အကူပြုမယ်လို့လည်း ထင်ပါတယ်။ သင်ယူမှုအပိုင်းမှာလည်း ပိုပြီးတိုးတက် လာမယ်လို့ ထင်ပါတယ်။ ပြန်ကြားရေးဝန်ကြီး ဌာနက ဦးဆောင်ပြီးလုပ်တဲ့အတွက်လည်း အလွန်ပဲဂုဏ်ယူပါတယ်။ နောက်ထပ်လည်း စာပေပွဲတော်တွေကို အခြားနယ်တွေမှာပါ ပြုလုပ်ပေးမယ်ဆိုရင် ပိုပြီးကောင်းမွန်မယ်လို့ ထင်ပါတယ်။

**ဦးဝင်းချို**

**ရှုဝံ့စာအုပ်တိုက်**

အခုလို ကလေးစာပေပွဲတော်တွေ ပြုလုပ်ပေးလို့ ကလေးတွေအတွက် စာပေဗဟုသုတတွေ ရပြီး စာအုပ်စာပေနဲ့ ပိုရင်းနှီးသွားတာပေါ့။ စာဖတ်ဖို့ဆိုတာထက် စာပေနဲ့ရင်းနှီးအောင် မနည်းလုပ်နေရတယ်။ စာဖတ်ချင်စိတ်တွေ ဖြစ်လာအောင် လုပ်နေရတယ်။ အခုဒီပြပွဲမှာဆိုရင် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲတို့ ဝင်ပြိုင်နိုင်ဖို့ဆိုတာ စာအုပ်စာပေတွေ ဖတ်မှရမှာပါ။ အခုလို ပွဲဖြစ်မြောက်အောင်စီစဉ်ပေးတဲ့အတွက် အလွန်ပဲကောင်းမွန်ပါတယ်။ ဝမ်းလည်းဝမ်းသာစရာပါ။ ကလေးတွေနဲ့ အတူ ကျောင်းဆရာ ဆရာမတွေနဲ့ ဌာနဆိုင်ရာ အရာရှိတွေပါလာတဲ့အတွက် ကျောင်းတစ်ကျောင်းမှာ စာကြည့်တိုက်တစ်တိုက်ဆိုတော့ ကျောင်း စာကြည့်တိုက်တွေ ပြန်လည်ထွန်းကားဖို့ လမ်းစ အခွင့်အလမ်းကောင်းတွေ ဖြစ်ပါတယ်။ ကလေးတွေ စာအုပ်စာပေတွေကနေပြီးတော့ ရင်းနှီးပြီး စာတွေ ပိုပြီးဖတ်လာမယ်ဆိုရင် ကောင်းပါတယ်။ ဖြစ်လာမယ်လို့လည်း မျှော်မှန်းထားပါတယ်။

**ဒေါ်နန်းခင်လေးတင့်**

**ကျောင်းသားမိဘတစ်ဦး**

ဒီလိုမျိုးစာပေပွဲတော်ဆိုတာ လုပ်သင့်တဲ့ အရာတစ်ခုဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက်က ကလေးမိဘတွေသာမက ပြည်သူတွေ အားလုံးပါဝင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာလေ။ အခုလိုမျိုး ကလေးငယ်ငယ်လေးကတည်း



မောင်မင်းသက်စံ

က စာဖတ်ဖို့အဓိကပါ။ ကလေးတွေ စာပေကို စိတ်ဝင်စားလာဖို့ကလည်း ဒီလို ကလေးစာပေပွဲလေးတွေ ပြုလုပ်ပေးခြင်းအားဖြင့် ကလေးတွေ ဗဟုသုတတိုးစေတဲ့ အတွက်ကြောင့်မို့ စာပေပွဲတော်ကို အမြဲတမ်းပြုလုပ်ပေးသင့်ပါတယ်။ နိုင်ငံတော်သမ္မတကြီးကမှအစ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ပွဲတော်တွေကို ကျင်းပပေးတဲ့ အတွက်ကြောင့် အလွန်ပဲကျေးဇူးတင်ပါတယ်။



ဆရာမ ဒေါ်နန္ဒဝေ

အဓိကကတော့ ကလေးတွေကို စာဖတ်စေချင်တယ်။ ဂျပန်နိုင်ငံ တိုးတက်တယ်ဆိုတာ ဘာဖြစ်လို့လဲဆိုတော့ အဓိကကတော့ စာဖတ်ကြလို့ပဲ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ကတော့ မြန်မာနိုင်ငံက ကလေးတွေကို စာဖတ်စေချင်တယ်။ အသက်အရွယ်အလိုက်ပေါ့။ ပထမဦးဆုံး တေဇတို့၊ မိုးသောက်ပန်းတို့ကနေ အဆင့်ဆင့် အဆင့်မြင့်လာတဲ့ စာအုပ်လေးတွေကို ဖတ်တတ်ဖို့လိုပါတယ်။ ကျွန်မအနေနဲ့လည်း စာဖတ်ဝါသနာပါတဲ့အတွက် ကလေးတွေကို အဓိကကတော့ စာကိုပဲ ဖတ်စေချင်တယ်။ နောက်ပြီး ဒီလိုမျိုးစာပေပွဲတော်တွေ အမြဲတမ်းကျင်းပပေးသင့်ပြီး ကလေးစာပေပွဲတော်နဲ့ပတ်သက်ပြီး ကျင်းပပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးအများကြီး တင်ပါတယ်။ ကျွန်မတို့ကလေးတွေ အသိရဖို့အတွက်က စာဖတ်မှ သိမှာ။ မိဘဘယ်လောက်ပဲသွန်သင်ဆုံးမ၊ ဆုံးမ မရပါဘူး။ စာပေကနေရလာတဲ့ ဗဟုသုတရှိမှ ဒီကလေးတွေဘဝ ဖွံ့ဖြိုးတိုးတက်မှာ။ အသိဉာဏ်တိုးတက်မှာပါ။ ဒါ့ကြောင့်မို့ စာဖတ်တာကိုပဲ ဖြစ်စေချင်ပါတယ်။ လူတိုင်း လူတိုင်းကိုလည်း စာဖတ်ဖို့ တိုက်တွန်းချင်ပါတယ်။

**ဒေါ်ခင်မာအေး**

**ကျောင်းသားမိဘတစ်ဦး**

ဒီလိုပွဲတော်မျိုးဆိုတာ ကျွန်မတို့မြန်မာနိုင်ငံမှာ ပထမဦးဆုံးကျင်းပပေးလို့ ကလေးတွေ အတွက် ပျော်ရွှင်စရာ အမှတ်တရနေ့လေး တစ်နေ့လည်းဖြစ်တယ်။ နောက်ပြီး အသိပညာ ဗဟုသုတများကိုလည်း ရစေတယ်။ ဒီစာပေပွဲတော်ကနေပြီး ကလေးတွေအတွက် ကျွန်မအနေနဲ့ ကျွန်မသမီး



ဒေါ်ခင်မာအေး

လေးကို စာပေနဲ့ပတ်သက်ပြီး အလွန်ပဲမြှင့်တင်ပေးချင်တာ။ ဒါ့ကြောင့်မို့ သူကြိုက်တဲ့စာအုပ်လေးတွေ၊ သူ့ဗဟုသုတဖြစ်စေမယ့် စာအုပ်လေးတွေကို ရွေးချယ်ပြီးတော့ ဝယ်ပေးပါတယ်။

**ဆရာမ ဒေါ်နန္ဒဝေ**

**အထက(ခွဲ)၊ အလက (၃ )၊ နေပြည်တော်**

ဒီစာပေပွဲတော်ကို လာရောက်တာ အများကြီး ဗဟုသုတတွေရပါတယ်။ ပျော်ပွဲရွှင်ပွဲတွေလည်း



ဦးဝင်းချို

အများကြီး စီစဉ်ပေးထားတော့ ကလေးတွေလည်း ပျော်ရွှင်ရတယ်။ စာပေနဲ့ပတ်သက်ပြီးတော့ ကလေးတွေ တစ်ခါမှ မကြုံဖူးသေးတဲ့ ပွဲတစ်ပွဲလည်းဖြစ်တယ်။ စာပေဗဟုသုတတွေ အများကြီးလည်း ရစေပါတယ်။ စာပေနဲ့ပတ်သက်ပြီး



မေမြတ်နိုး

တော့ စာဖတ်ရမယ်ဆိုတဲ့ အသိပညာတွေ ရရှိကြမယ်လို့ထင်ပါတယ်။ အခုလို ကလေးတွေ အတွက်လုပ်ပေးတဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေ ကိုလည်း ကျေးဇူးတင်ပါတယ်။

**မောင်မင်းသက်စံ (နဝမတန်း)**

**အထက(၅) နေပြည်တော်**

ဒီလိုပွဲမျိုးတက်ရောက်ရတာကို အလွန်ပျော်



မဆုရတီထက်

တယ်။ ဘာဖြစ်လို့လဲဆိုတော့ စာအုပ်စာပေ အများကြီးကို စုံစုံလင်လင်နဲ့ ဖတ်ခွင့်ရလို့ဖြစ်တယ်။ သိလည်း သိခွင့်ရခဲ့တယ်။ စာရေးဆရာကြီး မင်းသုဝဏ်ရဲ့စာအုပ်တွေလည်း သိခွင့်ရခဲ့တယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ရော ကလေးတွေအတွက် ပိုပြီးတော့အရေးကြီးပါတယ်။ တချို့ကလေးတွေက စာအုပ်ဆို သိပ်မဖတ်ချင်ကြဘူး။ အခုဒီမှာ ပြထားတဲ့ စာအုပ်တွေက ရုပ်ပုံ



ဆရာမ ဒေါ်စုစုငယ်

ကလေးတွေပါတဲ့အတွက် ကလေးက ဖတ်ချင်လာကြတယ်။ အဲ့ဒီအတွက် ဗဟုသုတတွေ အများကြီး ရစေတယ်။ ပြီးတော့ ကျွန်တော်တို့လို အရွယ် လူငယ်ပိုင်းတွေအတွက်ဆိုရင် ဆရာကြီး မင်းသုဝဏ်ရဲ့ စာအုပ်တွေက အလွန်ဖတ်လို့



ဒေါ်နန်းခင်လေးတင့်

ကောင်းပါတယ်။ ကိုယ်ကြိုက်နှစ်သက်ရင်လည်း ဒီမှာ ဝယ်ယူလို့ရပါတယ်။ အများကြီး ဗဟုသုတ ရစေပါတယ်။ ဒီလိုကလေးစာပေပွဲတော် တက်ရောက်ရတဲ့အတွက် စာအုပ်စာပေတွေကို အများကြီး သိခွင့်ရခဲ့တယ်။ မသိသေးတဲ့ စာအုပ်တွေကိုလည်း သိခွင့်ရတယ်။ ကစားနည်းမျိုးစုံကိုလည်း ကစားခွင့်ရတယ်။ ကျောင်းသား ကျောင်းသူတွေ



မယမင်းမြတ်

အများကြီးနဲ့ အလွန်ပဲပျော်ရွှင်မိပါတယ်။ စာအုပ်စာပေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီး ဦးသန့်ပြောတာကို မှတ်သားဖူးပါတယ်။ စာဖတ်တဲ့လူက တိုးတက်ပြီးတော့ တိုးတက်တဲ့သူတွေက စာဖတ်ကြတယ်လို့ ဆိုပါတယ်။ အခု ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာလည်း စာအုပ်စာပေတွေကို အလွန်ဖတ်ကြတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း အဲ့ဒီလို စာအုပ်စာပေတွေကို လူငယ်တွေ ဖတ်ဖို့လိုပါတယ်။ ဂိမ်းတွေဆော့ပြီး အချိန်ဖြုန်းနေမယ့်အစား စာတွေများများ ဖတ်ခြင်းအားဖြင့် ဗဟုသုတတွေ အများကြီးရစေပါတယ်။ မသိသေးတဲ့ အရာတွေကိုလည်း သိရသလို မကြုံဖူးသေးတဲ့ အတွေ့အကြုံကောင်းတွေကိုလည်း ကြုံတွေ့ရလို့ ဝမ်းသာမိပါတယ်။

**မယမင်းမြတ် (တတိယတန်းကျောင်းသူ)**

**ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း**

သမီးတို့ အခုလိုလာရောက်ရတာ အလွန်ပဲ ပျော်ပါတယ်။ ဒီကလေးစာပေပွဲတော်ကနေ စာအုပ်စာပေကို ဖတ်တဲ့အလေ့အကျင့်ကောင်းတွေ ရရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီပွဲမှာ သမီးအနေနဲ့ စက္ကူခေါက်နဲ့ ပန်းချီဆေးခြယ် ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဒီပြပွဲကို သူငယ်ချင်းတွေနဲ့အတူ လာရတဲ့အတွက် သမီးတို့ ပျော်ရွှင်ပါတယ်။

**မဆုရတီထက်**

**အထက (ခွဲ)၊ အလက (၃ )၊ နေပြည်တော်**

ဒီနေ့ကျင်းပတဲ့ပွဲမှာ သမီးအနေနဲ့ ပုံပြောပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်တဲ့အတွက် အလွန်ပဲ စိတ်လှုပ်ရှားနေပါတယ်။ စာပေပွဲတော်ကို စဝင်ကတည်းက စာအုပ်တွေ အများကြီး တွေ့တော့ စာဖတ်ချင်စိတ်တွေ အလိုလိုဖြစ်ပေါ်ခဲ့တယ်။ နောက်ပြီး သမီးတို့အတွက် ဗဟုသုတတွေလည်း ရရှိပါတယ်။ သမီးတို့အတွက် ဒီစာပေပွဲကြီးကနေ ကောင်းကျိုးတွေ အများကြီးရရှိလာလိမ့်



ကိုဝင်းခန့်ကျော်

မယ်လို့ မျှော်လင့်ပါတယ်။

**ဆရာမ ဒေါ်စုစုငယ်**

**(အထက ၁၀ နေပြည်တော်)**

ကလေးတွေအတွက် ပျော်လည်းပျော်တယ်။ ဒီလိုမျိုးခင်းကျင်းပြသထားတဲ့ စာအုပ်လေးတွေကို ကျောင်းစာကြည့်တိုက်မှာလည်း ထားပေးထားပါတယ်။ ကလေးတွေ လက်တွေ့မဖတ်ဖူးသေးတဲ့ ကျောင်းစာကြည့်တိုက်မှာမရှိတဲ့ စာအုပ်စာပေတွေကို အများကြီးတွေ့မြင်ဖတ်ရှုခွင့်ရတဲ့အတွက် ကလေးတွေလည်း ပျော်ရွှင်နေကြပါတယ်။ ဒီစာပေပွဲတော်ကနေပြီးတော့ ကလေးတွေ အသိပညာတွေ ရရှိသွားမယ်ဆိုရင် ပိုပြီးတော့ ကောင်းပါတယ်။

**ကိုဝင်းခန့်ကျော် (Third Story Project)**

**(လူမှုအကျိုးပြုအဖွဲ့အစည်း)**

ကျွန်တော်တို့အဖွဲ့က ဒီစာပေပွဲတော်မှာ ကလေးတွေအတွက် ပုံပြင်စာအုပ်တွေကိုလှူဒါန်းတဲ့အဖွဲ့ဖြစ်ပါတယ်။ ပုံပြင်စာအုပ်တွေကို ရန်ကုန်မြို့နဲ့နေရာတချို့မှာလည်း ရောင်းချပေးပါတယ်။ ရောင်းလို့ရတဲ့ ငွေတွေကိုလည်း ပုံပြင်စာအုပ်တွေ ပြန်လည်ထုတ်ပြီး အကျိုးအမြတ်မယူဘဲ လှူဒါန်းပေးနေတာလည်းရှိပါတယ်။ ကျွန်တော်တို့ ဒီပြပွဲမှာ စာအုပ်အမျိုးအစားပေါင်း ၂၀ မျိုး ယူလာပြီး ပြသပေးထားပါတယ်။ ဒီပြပွဲကို တစ်နိုင်ငံလုံးနီးပါး လာရောက်ကြတာတွေ့ရတဲ့အတွက် ဝမ်းသာပါ တယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီလိုမျိုးပွဲတော်လေးတွေကို များများလေးလုပ်ပေးရင်တော့ ပိုကောင်းပါတယ်။ သုံးလေးလတစ်ကြိမ်လောက် လုပ်ပေးရင် ပိုကောင်းမှာပါ။ နောက်ပြီး ကျွန်တော်တို့ပြဖို့အတွက် စီစဉ်ပေးထားတာတွေကလည်း အားလုံးကောင်းပါတယ်။ အကုန်လုံးအဆင်ပြေပါတယ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဘယ်လ်ဂျီယံနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် နိုဝင်ဘာ ၅**

ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ Gen. Mikihail Kostarakos ၏ ဖိတ်ကြားချက်အရ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပမည့် ဥရောပသမဂ္ဂ ကာကွယ်ရေးဦးစီးချုပ်များ၏ စစ်ဘက်ဆိုင်ရာ ကော်မတီအစည်းအဝေး(European Union Military Committee-EUMC Meeting) သို့ တက်ရောက်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။ **(ယာပုံ)**

**ကြည့်ရှုလေ့လာသွားမည်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ခရီးစဉ်အတွင်း ဥရောပသမဂ္ဂကာကွယ်ရေးဦးစီးချုပ်များ၏ စစ်ဘက်ဆိုင်ရာ ကော်မတီအစည်းအဝေးတက်ရောက်ခြင်း၊ ဥရောပသမဂ္ဂဆိုင်ရာအကြီးအကဲများ၊ ဥရောပနိုင်ငံအလိုက် ကာကွယ်ရေးဦးစီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး ဘယ်လ်ဂျီယံနိုင်ငံအတွင်းရှိ အထင်ကရနေရာများအား လှည့်လည်ကြည့်ရှုလေ့လာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# (၉၆)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၅**

(၉၆)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ဆွေးနွေးမှာကြားရာတွင် ၂၀၁၆ ခုနှစ် (၉၆)နှစ်မြောက် အမျိုးသားနေ့ကို ဦးတည်ချက်များ ဆွေးနွေးပြုစု၍ စီမံချက်နှင့်အညီ စနစ်တကျ ကျင်းပမည်ဖြစ်ကြောင်း၊ အမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အလိုက် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပသွားနိုင်ရန် စီစဉ်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စု ငြိမ်းချမ်းရေး တည်ဆောက်ရေး၊ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် လိုအပ်သော နိုင်ငံ့သားကောင်း အရည်အသွေးများ ပြည့်ဝလာအောင် လှုံ့ဆော်စည်းရုံးဆောင်ရွက်ရန်တို့ကို ဆွေးနွေးသည်။

ထို့နောက် ၂၀၁၅ ခုနှစ် (၉၅)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနား ကျင်းပပြီးစီးမှုအစီရင်ခံစာကို ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ကိုယ်စား ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းကလည်းကောင်း၊ ၂၀၁၆ ခုနှစ် (၉၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား ကျင်းပရေးစီမံချက်ကို ဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက လည်းကောင်း ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကျင်းပရေးစီမံချက်ပါ လုပ်ငန်းရပ်များနှင့်စပ်လျဉ်း၍ မိမိတို့ ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ဆွေးနွေးတင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ အစည်းအဝေးသို့ (၉၆)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များဖြစ်ကြသော၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## မုန်တိုင်းငယ်၏ အရှိန်ကြောင့် ကမ်းနီး ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ ကြိုတင်သတိပြုရန် အကြံပြု

**နေပြည်တော် နိုဝင်ဘာ ၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အရှေ့-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ကာ ၊ အိန္ဒိယနိုင်ငံ၊ ပါရာဒစ်မြို့၏ အရှေ့တောင်ဘက် မိုင် ၁၂၀ ခန့် ကိုလ်ကတ္တားမြို့၏ တောင်-အနောက်တောင်ဘက်မိုင် ၂၅၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့၏ အနောက်တောင်ဘက် မိုင် ၂၅၀ ခန့်နှင့် မြန်မာနိုင်ငံ စစ်တွေမြို့၏အနောက်-အနောက်တောင်ဘက် မိုင် ၃၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် ၃၆ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်ရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၈ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၇ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား (၁၀၀၄) ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ ခန့် ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင် မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မြစ်ဝကျွန်းပေါ် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**



**မွန်ပြည်နယ်ရှိ မြသီတာဈေးနှင့် အောင်သီတာဈေး၌ နိုဝင်ဘာ ၅ ရက်နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးသန်းထိုက်နှင့် တပ်ဖွဲ့ဝင်များက ဈေးသူ၊ ဈေးသားများ၊ ဖြတ်သန်းသွားလာနေကြသော မိဘပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်**

နေမျိုးထွဋ်(ရေး)

# မီးလောင်ဆုံးရှုံးမှုအတွက် မီးအာမခံလျော်ကြေးပေးအပ်

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်းမှ မီးအာမခံလျော်ကြေးပေးအပ်ပွဲကို နိုဝင်ဘာ ၃ ရက်က မန္တလေးမြို့ ၃၄× ၃၅ လမ်းကြား ၆၃ လမ်းရှိ တိုင်းဒေသကြီး အဝေးပြေးရုံးရွှေမန္တလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက မြန်မာ့စီးပွားရေးဘဏ်ခွဲ (၃)မှ ချေးငွေဖြင့် အာမခံထားခဲ့သော ပိုင်ရှင် ဒေါ်တင်တင်ဦး (သမီး)မယုနန္ဒာမြင့်တို့ ပိုင်ဆိုင်သည့် အဆောက်အအုံအတွက် ငွေကျပ်သိန်း ၄၄၀ ဒသမ ၁၂၉ ကို ပေးအပ်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)မှ ခရိုင်မန်နေဂျာ ဦးအောင်ဝင်းနှင့် မယုနန္ဒာမြင့်တို့က လက်ခံရယူသည်။

မန္တလေး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် အကွက်(၄၁၃/က) အပိုင်း(၇) ဦးပိုင်အမှတ် ၈၄ တွင် အောက်တိုဘာ ၂၀ ရက်ညနေ ၆နာရီခွဲက ဖြစ်ပွားခဲ့သော မီးလောင်ဆုံးရှုံးမှုအတွက် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)မှ ချေးငွေရယူပြီး မြန်မာ့အာမခံလုပ်ငန်း(မန္တလေးတိုင်း)တွင် မီးအာမခံထားရှိခဲ့ခြင်းကြောင့် ယခုကဲ့သို့ မီးအာမခံလျော်ကြေးကို ပြန်လည်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်းတွင် D.C.P (Dry Chemical Powder Extingulisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**

# မိတ္ထီလာ၌ လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် သစ်ပင်ကြီးများပြိုလဲ တာဝန်ရှိသူများက သွားလာမှုလွယ်ကူရေး ရှင်းလင်းဆောင်ရွက်



**မိတ္ထီလာ နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် နိုဝင်ဘာ ၄ ရက် ည ၁၂ နာရီက လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် အောင်ဇေယျာရပ်ကွက်အတွင်းရှိ စက်သုံးဆီဘူတာဟောင်းသွား ကတ္တရာလမ်းပေါ်၌ သက်တမ်းကြာသည့် သစ်ပင်ကြီးများ ပြိုလဲမှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုလဲသစ်ပင်ကြီးများ လမ်းပိတ်ဆို့နေမှုကြောင့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ သွားလာရေး အခက်အခဲမရှိစေရန် လမ်းပိတ်ဆို့နေသည့် သစ်ပင်ကြီးများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော် ဦးဆောင်ပြီး စည်ပင်ဝန်ထမ်းများ၊ အမှတ်(၁၅)ရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့များစုပေါင်းပြီး အမြန်ရှင်းလင်းဖယ်ရှားဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍ နန်းတော်ကုန်းရပ်ကွက်အတွင်းရှိ နယ်မြေ(၃)နှင့် နယ်မြေ(၅)တို့တွင် မိုးရေများဝင်ရောက်လာသောကြောင့် ရပ်ကွက်နေပြည်သူများ သွားလာရေးအခက်အခဲ ကြုံတွေ့နေရသဖြင့် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်စက်ကြီးသုံးလုံးဖြင့် ရေများထွက်ရှိအောင် အမြန်ဆုံးစုပ်ထုတ်ပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# စက်တင်ဘာလအတွင်း လောက်ကိုင်မြို့၌ ဗုံးပေါက်ကွဲခဲ့မှုနှင့်ပတ်သက်သည့် သံသယရှိသူများအား ဖမ်းဆီးရမိ



စက်တင်ဘာ ၂၃ ရက် ကားဗုံးပေါက်ကွဲမှုကို တွေ့ရစဉ်

**နေပြည်တော် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် မြောက်ပိုင်း လောက်ကိုင်မြို့ ရပ်ကွက်(၁)ဖုမင်လမ်းတွင် စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲခန့်က မော်တော်ယာဉ်နှစ်စီးပေါ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်သည့် သတင်းအရ နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီခွဲခန့်က ရန်လုံကျိုင်းစစ်ဆေးရေးဂိတ်အနီး၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးရှာဖွေရာ သံသယရှိသူ ကျန်ကျားကျယ်(ခ)ကျော်ရင်(ဘ)ဦးကျင်ထယ်ချန်အား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၆ နာရီခွဲခန့်တွင် လောက်ကိုင်မြို့ ရှင်ဖုတံတားအနီး ဆောက်လုပ်ဆဲနေအိမ်၌ သံသယရှိသည့် လီကော်ကျွမ်း(ခ)ရှောင်လီ(ဘ) ဦးလီဗှာထင်၊ ဝမ်လောက်ဖူး(ဘ)ဦးဝမ်စန်း၊ လွမ်းဟောင်(ခ)ကွေ့ပေါက်(ဘ) ဦးတောင်လွမ်းတို့အား လည်းကောင်း၊ ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် လောက်ကိုင်မြို့ အမှတ်(၁)ရပ်ကွက် ကော်တုံ (၂)လမ်းရှိ နေအိမ်အတွင်းမှ သံသယရှိသည့် ရန်ကျားဟွာ(ခ)ရန်အဲ(ဘ) ဦးရန်ကျိန်းဖူးနှင့် လီကျိန်ကျင်း(ခ)လောက်ကျွင်း (ဘ)ဦးလီလောက်မျင်တို့အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

၎င်းတို့၏ ထွက်ဆိုချက်များအရ ကျန်ကျားကျယ်သည် ကားဗုံးဖောက်ခွဲမှုဖြစ်စဉ်တွင် လက်လုပ်ဗုံးအားတပ်ဆင်ခဲ့ပြီး လီကော်ကျွမ်း(ခ)ရှောင်လီသည် ဗုံးအား ကား၏ အနောက်ခန်းတွင်ထားရှိခဲ့သူဖြစ်ကြောင်း၊ ရန်ကျားဟွာ(ခ)ရန်အဲမှာ ကားဗုံးအားဖောက်ခွဲခဲ့သူများဖြစ်ကြောင်း သိရှိရသည်။

ဖောက်ခွဲမှုကိုစီစဉ်သူမှာ လောက်ကိုင်မြို့ အမှတ်(၁)ရပ်ကွက်နေ ကွမ်းတုံဆိုသူဖြစ်ပြီး နောက်ကွယ်မှ အဓိက စေခိုင်းသူမှာ မိုင်းလားမြို့နေ ရန်ကွယ်ချန်ဆိုသူဖြစ်ကြောင်းနှင့် ကွမ်းတုံမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသည့် သံသယရှိသူ ခြောက်ဦးအား လောက်ကိုင်မြို့ မြို့မရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ပြီး ပါဝင်ပတ်သက်သူများ ထပ်မံဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



စက်တင်ဘာ ၂၃ ရက် ကားဗုံးပေါက်ကွဲမှုနှင့် ပတ်သက်သည့် ဖမ်းဆီးရမိသူများ

# မင်္ဂလာဆောင်မှ ဧည့်ခံကျွေးမွေးသည့် နို့စိမ်းခေါက်ဆွဲစားပြီး လူ ၇၀ ခန့် အစာအဆိပ်သင့်မှုဖြစ်ပွား

**ပေါက်ခေါင်း နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အင်းငါးခွသကြားစက်အိမ်ထောင်သည်လိုင်း ဝန်ထမ်းမိသားစုတွင် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက ပြုလုပ်သော မင်္ဂလာဆောင်မှ ဧည့်ခံကျွေးမွေးသည့် နို့စိမ်းခေါက်ဆွဲစားပြီး အစာအဆိပ်သင့်မှုဖြစ်ပွားကာ လူ ၇၀ နီးပါး ဆေးရုံတင်ပို့ကုသမှုခံယူရကြောင်း သိရသည်။

အစာအဆိပ်သင့်မှုနှင့် ပတ်သက်၍ “နေ့လယ်ပိုင်းအချိန်အထိ ပေါက်ခေါင်းမြို့နယ်ဆေးရုံမှာ လူနာ ၅၄ ဦး၊ ပြည်မြို့ ပြည်သူ့ဆေးရုံကြီးမှာ ၁၀ ဦး တက်ရောက်ကုသနေပါတယ်။ ပြည်မြို့ ဆေးရုံကြီးကို ၁၀ ဦး ရောက်လာတဲ့အထဲမှာ ငါးဦးက အတွင်းလူနာအဖြစ် ကုသမှုခံယူနေရတယ်။ ညနေပိုင်းမှာလည်း လူနာ ငါးဦး ထပ်မံရောက်ရှိလာတော့ လူနာ စုစုပေါင်း ၆၉ ဦးရှိပြီ”ဟု လူနာများကို ကူညီဆောင်ရွက်ပေးနေသော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က ပြောကြားသည်။

“မင်္ဂလာဆောင်မှာ ဧည့်ခံကျွေးမွေးတဲ့ အစားအစာတွေက ကြက်သားနို့စိမ်းခေါက်ဆွဲ၊ လက်ဖက်သုပ်၊ ကျောက်ကျောနဲ့ လက်ဖက်ရည်ဖြစ်ပြီး မနက်ပိုင်း ၁၁ နာရီလောက်မှာ သုံးလေးဦးလောက်စပြီး ဝမ်းပျက်ဝမ်းလျှောဖြစ်လို့ ဆေးရုံပို့ပေးခဲ့ရတယ်။ နောက်ပိုင်းမှာ ဖြစ်တဲ့လူတွေ အတော်များလာတယ်”ဟု မိသားစုဝင်များက ပြောကြားသည်။



မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများက မင်္ဂလာဆောင်နေအိမ်သို့ သွားရောက်၍ ကျွေးမွေးသည့် အစားအစာနှင့် ရေနမူနာများယူခဲ့ပြီး NHN နှင့် ဆက်သွယ်ဆောင်ရွက်၍ ဓာတ်ခွဲမှုများ ပြုလုပ်ခိုင်းထားပြီး ယခုကဲ့သို့ အစာအဆိပ်သင့်မှုများသည် ဗက်တီးရီးယားနှင့် ဓာတုဆေးဝါး နှစ်မျိုးကြောင့် ဖြစ်နိုင်ကာ အတွေ့အကြုံအရ အစားအသောက်တွင်ရှိနေသည့် ဓာတုဗေဒဆေးဝါးကြောင့် ဖြစ်နိုင်ကြောင်း ပေါက်ခေါင်းပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးက သုံးသပ်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# ယောင်လည်လည်ဖြစ်နေသော မိန်းကလေးငယ်အား ရဲစခန်းသို့ ခေါ်ယူထိန်းသိမ်းပြီး မိဘများထံအပ်နှံ

**သထုံ နိုဝင်ဘာ ၅**

မွန်ပြည်နယ် သထုံမြို့ မြို့မဈေးအနီး ယောင်လည်လည်ဖြစ်နေသော အမျိုးသမီးငယ်တစ်ဦးအား တွေ့ရှိသဖြင့် ခေါ်ယူထိန်းသိမ်းပြီး မိဘများအား ပြန်လည်အပ်နှံခဲ့ ကြောင်း သထုံမြို့မရဲစခန်းမှူး ဒုရဲမှူး သန်းဇော်ထံမှ သိရသည်။

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာတွင် နေထိုင်သည့် အသက် ၁၅ နှစ်အရွယ် မိန်းကလေးငယ်သည် နိုဝင်ဘာ ၂ ရက် နံနက် ၅ နာရီခန့်က မိဘများ အိပ်ပျော်နေစဉ် ရွာလွတ်ကျေးရွာမှ ဆိုင်ကယ် ကယ်ရီဖြင့် မော်လမြိုင်မြို့သို့ လည်းကောင်း၊ မော်လမြိုင်မှ ရန်ကုန်သို့ မှန်လုံယာဉ်ဖြင့် သွားရောက်ပြီး တည်းခိုခန်းတစ်ခုတွင် တည်းခိုခဲ့ကြောင်း၊ နိုဝင်ဘာ ၃ ရက်တွင် ရန်ကုန်မှ သထုံသို့ ဝင်းမှန်လုံယာဉ်ဖြင့် လိုက်ပါစီးနင်းလာပြီးနောက် ယောင်လည်လည်ဖြစ်နေချိန်တွင် သထုံမြို့မရဲစခန်းသို့ အကြောင်းကြားချက်အရ ခေါ်ယူထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ၎င်း၏မိဘရှိရာ ချောင်းဆုံမြို့နယ် ရဲတပ်ဖွဲ့သို့ ချိတ်ဆက်ဆောင်ရွက်ပြီး မိခင်ဖြစ်သူထံ နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သထုံမြို့မရဲစခန်းမှူးက ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# ဒူတာတေး၏ မူးယစ်ဆေးဝါးစာရင်းတွင်ပါဝင်သော ထိန်းသိမ်းခံ ဖိလစ်ပိုင်မြို့တော်ဝန်တစ်ဦး ထောင်ပစ်ခတ်မှုတွင် သေဆုံး

**မနီလာ နိုဝင်ဘာ ၅**

အရှေ့တောင်အာရှ နိုင်ငံတစ်ခုဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် မူးယစ်ဆေးဝါး နှိမ်နင်းမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိရာ မူးယစ်ဆေးဝါးမှုဖြင့် နိုင်ငံအလယ်ပိုင်း အကျဉ်းထောင်တစ်ခုတွင် ထိန်းသိမ်းထားသော မြို့တော်ဝန်တစ်ဦးကို အခြားအကျဉ်းသားတစ်ဦးနှင့်အတူ နိုဝင်ဘာ ၅ ရက်က ပစ်သတ်လိုက်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောခဲ့သည်။



သမ္မတ ရိုဒရီကိုဒူတာတေးက မြို့တော်ဝန်နှင့် ၎င်း၏သားဖြစ်သူကာဝင်အား မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှုတွင် ပါဝင်နေခြင်းကို ဝန်ခံရန် တိုက်တွန်းပြောကြားပြီးနောက် ဩဂုတ်လက အယ်လ်ဘူရာမြို့တော်ဝန် ရိုလန်ဒိုအက်စ်ပီနိုဆာက ရဲချုပ်ထံသွားရောက်အဖမ်းခံခဲ့သည်။

နောက်ပိုင်းတွင် မြို့တော်ဝန်ကို အိမ်ပြန်ရန် ခွင့်ပြုခဲ့သော်လည်း အောက်တိုဘာ ၅ ရက်က မူးယစ်ဆေးဝါး လက်ဝယ်ပိုင်ဆိုင်မှုဖြင့် ထပ်မံဖမ်းဆီးခဲ့သည်။ ၎င်းသည် သမ္မတဒူတာတေး၏ မူးယစ်ဆေးဝါးစာရင်းတွင် ပါဝင်သူတစ်ဦးဖြစ်ကာ သက်ဆိုင်ရာအာဏာပိုင်များ၏ မူးယစ်ဆေးဝါးနှိမ်နင်းမှု စစ်ဆင်ရေးအတွင်း သေဆုံးခဲ့သည့် ဒုတိယ ဒေသတွင်းအစိုးရအကြီးအကဲဖြစ်ကြောင်း သိရသည်။

တရားမဝင်မူးယစ်ဆေးလက်ဝယ်ပိုင်ဆိုင်မှုနှင့် လက်နက်ပိုင်ဆိုင်မှုဖြင့် ပြစ်မှုစုံစမ်း ထောက်လှမ်းရေးအဖွဲ့မှ တာဝန်ရှိသူများက စစ်ဆေးရှာဖွေနေစဉ် မြို့တော်ဝန်ဖြစ်သူ အက်စ်ပီနိုဆာနှင့် အကျဉ်းသား ရောရက်ပ်တို့ကပစ်ခတ်မှုပြုလုပ်ခဲ့ရာ တာဝန်ရှိသူများကပြန်လည်ပစ်ခတ်ခဲ့ကြောင်း သိရသည်။ တာဝန်ရှိသူများက ပွိုင့် ၄၅ ကယ်လီဘာ ပစ္စတိုနှင့် ပွိုင့် ၃၈ ပစ္စတိုများကို ၎င်းတို့ထံမှ ရှာဖွေတွေ့ရှိခဲ့ကြောင်း ပြောခဲ့သည်။

ထို့အပြင် မူးယစ်ဆေးဖြစ်သည့် မက်သယ်ဖီတမင်းဟု သံသယရှိသည့် အိတ်တစ်လုံးနှင့် မူးယစ်ဆေးဆက်စပ်အသုံးအဆောင်ပစ္စည်းများကို မြို့တော်ဝန်အဖွဲ့တွင် တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

အရှေ့ပိုင်း ဗီဆာယာဒေသတွင် ကာဝင်သည် အကြီးဆုံးမူးယစ်ဆေးဖြန့်ဖြူးသူဖြစ်ကြောင်းသိရပြီး လွန်ခဲ့သောလက အဖမ်းခံခဲ့ရကြောင်း ဖိလစ်ပိုင်ရဲချုပ်ကပြောခဲ့သည်။ **(ရိုက်တာ)**

## အီရတ်နိုင်ငံမြောက်ပိုင်းမှထွက်ပြေးလာသော စစ်ပွဲရှောင်ယာဉ်တန်း ဗုံးခွဲတိုက်ခိုက်ခံရ၊ ၁၈ ဦးသေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၅**

အီရတ်နိုင်ငံမြောက်ပိုင်းအိုင်အက်စ်ထိန်းချုပ်ခံနယ်မြေများမှ ထွက်ပြေးလာသော စစ်ပွဲရှောင်မိသားစုများတင်ဆောင်လာသည့်ယာဉ်တန်းကို ဦးတည်၍ လမ်းဘေးဗုံးနှစ်လုံးဖောက်ခွဲခဲ့ရာ ၁၈ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။

အိုင်အက်စ်ခြေကုပ်ယူရာ မိုဆူးလ်မြို့တောင်ဘက် ၁၂၀ ကီလိုမီတာ (၇၅မိုင်) အကွာ ဟာဝီဂျာမြို့မှစစ်ပွဲရှောင်ပြည်သူများကို သယ်ဆောင်လာသောယာဉ်တန်းကို ပစ်မှတ်ထားဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရွှေ့ပြောင်းမိသားစုဝင် ၁၇ ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်ရဲမှူးကြီး နီမာ အယ်လ်ဂျဘော်ရီက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ ထို့အပြင် ယာဉ်တန်းအစောင့်အရှောက်အဖြစ်လိုက်ပါလာသူ ရဲသားတစ်ဦးလည်း သေဆုံးခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

## ဆီးရီးယားမြောက်ပိုင်းတွင် အိုင်အက်စ်ပစ်မှတ် ၇၁ ခုအား တူရကီတပ်ဖွဲ့များ ဦးတည်တိုက်ခိုက်

**ဒမတ်စကတ် နိုဝင်ဘာ ၅**

တူရကီတပ်ဖွဲ့များက လွန်ခဲ့သော ၂၄နာရီအတွင်းဆီးရီးယားရှိ အိုင်အက်စ်ပစ်မှတ် ၇၁ ခုအား တိုက်ခိုက်ခဲ့ကြောင်း နိုဝင်ဘာ ၅ ရက်က ပြောခဲ့သည်။ တူရကီတပ်ဖွဲ့များသည် တူရကီတောင်ပိုင်းဗုံးပေါက်ကွဲမှု၏ လက်သည်တရားခံဖြစ်သူ စစ်သွေးကြွအုပ်စုများကို ထိုးစစ်အရှိန်မြှင့်တိုက်ခိုက်နေကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

ယင်းတိုက်ခိုက်မှုတွင် အိုင်အက်စ်အကြမ်းဖက်သမား ငါးဦးသေဆုံးခဲ့ပြီး တူရကီထောက်ခံ သူပုန်ငါးဦးနှင့် တူရကီတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။ ထို့အပြင် ပူးပေါင်းမဟာမိတ်အဖွဲ့များက လေကြောင်းချီတိုက်ခိုက်မှု ငါးခုကိုပြုလုပ်ခဲ့ရာ အိုင်အက်စ်အကြမ်းဖက်သမား ရှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

တူရကီတပ်ဖွဲ့များသည် ဆီးရီးယားအာရပ်အုပ်စုများကိုထောက်ခံနေကာ ၎င်းတို့ကြီးစိုးလျက်ရှိသည့်နယ်မြေများအတွင်း အိုင်အက်စ်တို့ကို တိုက်ခိုက်နေကြောင်း သိရသည်။ **(ရိုက်တာ)**

## တူရကီတောင်ပိုင်း နိုင်ငံရေးသမားများဖမ်းဆီးရာ ရဲစခန်းအနီး အသေခံကားဗုံးပေါက်ကွဲမှုဖြစ် တစ်ဦးသေဆုံး၊ ၃၀ ဒဏ်ရာရ

**အန်ကာရာ နိုဝင်ဘာ ၅**


တူရကီတောင်ပိုင်း ဒီယာဘာကာဒေသတွင် ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူတစ်ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း သည်အင်ဒီပင်းန်ဒင့်န်သတင်းတစ်ရပ်၌ နိုဝင်ဘာ ၅ ရက်က ဖော်ပြခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် ပြည်သူ့ဒီမိုကရက်တစ်ပါတီမှ ခေါင်းဆောင်နှစ်ဦးနှင့်အတူ ပါတီအဖွဲ့ဝင် ကိုးဦးအား ညတွင်းချင်းဖမ်းဆီးပြီးနောက် ကာ့ဒ်လူမျိုးအများစုနေထိုင်ရာဒေသတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အကြမ်းဖက်တန်ပြန်စုံစမ်းစစ်ဆင်ရေးတစ်ရပ်တွင် ဆီလာဟာတင်ဒီမာတက်စ်နှင့် ဖီဂျင်ယွတ်ဆက်ဒက်တို့ကို ၎င်းတို့၏နေအိမ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးဆိုင်ရာ သတင်းရင်းမြစ်များက တူရကီမီဒီယာသို့ပြောကြားခဲ့သည်။

ဒီယာဘာကာပြည်နယ် မြို့တော်ဝန်ရုံးက အသေခံကားဗုံးဖောက်ခွဲမှုသည် နိုဝင်ဘာ ၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါကားဗုံးခွဲတိုက်ခိုက်မှုသည် ကာ့ဒ်အလုပ်သမားပါတီမှ စစ်သွေးကြွများ၏လက်ချက်ဖြစ်ကြောင်း သိရသည်။ နိုင်ငံရေးသမားများကို ဖမ်းဆီးထိန်းသိမ်းရာ ဘာကလာပြည်နယ်ရဲစခန်းအနီး၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးဆိုင်ရာသတင်းရင်းမြစ်များတွင် ဖော်ပြသည်။ ပေါက်ကွဲမှုသည် မြို့တစ်ခုလုံးဟိန်းထွက်သွားရာ လူနာတင်ကားများ အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်လာခဲ့သည်။

လွန်ခဲ့သော ၁၈ လခန့်ကတည်းက အသေခံဗုံးခွဲမှုများ တူရကီတွင်ဖြစ်ပွားခဲ့သည်။ ဇူလိုင်လအာဏာသိမ်းမှုမအောင်မြင်ဖြစ်ပြီးကတည်းက တူရကီနိုင်ငံတွင် တည်ငြိမ်မှုကင်းမဲ့လျက်ရှိကာ အရေးပေါ်အခြေအနေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ **(သည်အင်ဒီပင်းန်ဒင့်န်)**





## တရုတ်နိုင်ငံတောင်ပိုင်းလေကြောင်းလိုင်းတစ်ခုမှ ခရီးသည်တင်လေယာဉ် အောက်ကလန်လေဆိပ်မှ ပျံတက်ပြီး မကြာမီ အရေးပေါ်ဆင်းသက်

**ပေကျင်း နိုဝင်ဘာ ၅**

တရုတ်နိုင်ငံတောင်ပိုင်း လေကြောင်းလိုင်းတစ်ခုမှ ခရီးသည်တင်လေယာဉ်သည် နိုဝင်ဘာ ၅ ရက်က အောက်ကလန်လေဆိပ်မှ ပျံတက်ပြီးမကြာမီ စက်ချို့ယွင်းသဖြင့် ယင်းလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လေယာဉ်မှာ အင်ဂျင်စက်ချွတ်ယွင်းမှုကြောင့် ပြန်လည်ဆင်းသက်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း လေဆိပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောခဲ့သည်။

ပြန်လည်မဆင်းသက်မီ လေယာဉ်မှာ စက်ဝိုင်းပုံလှည့်ပတ်ပျံသန်းခဲ့ကြောင်း flightaware.com တွင် ဖော်ပြထားသည်။

ခရီးသည်အားလုံး ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လေယာဉ်ပေါ်မှ ရွှေ့ပြောင်းနိုင်ခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူက လေယာဉ်ဆင်းသက်ပြီး ၁ နာရီကြာပြီးနောက် ဆင်ဟွာသို့ ဖုန်းဖြင့်ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

❐ *ကျောဖုံးမှ*

နေ့ရောညပါ လှည့်လည်လုံခြုံရေး ဆောင်ရွက်လျက်ရှိသည်။ နယ်ခြားစောင့်ရေကြောင်းရဲတပ်ဖွဲ့အနေဖြင့် နတ်မြစ်ကြောင်းတစ်လျှောက် လုံခြုံရေးဆောင်ရွက်ရာတွင် တရားမဝင် ရွှေ့ပြောင်းသွားလာသူများ ဝင်ရောက်မှုမရှိစေရန်၊ တရားမဝင်လက်နက်မှောင်ခိုမှုများ၊ မူးယစ်ဆေးဝါးသယ်ယူရောင်းချမှုများ၊ တရားမဝင်ငါးဖမ်းမှုများအား တားဆီးကာကွယ်ရန်၊ ဖမ်းဆီးအရေးယူရန်နှင့် ပင်လယ်ဓားပြရန်မှ ကာကွယ်နှိမ်နင်းရန် အဓိကထား ဆောင်ရွက်လျက်ရှိသကဲ့သို့ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကိုလည်း လိုအပ်သလို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တရားဝင်သွားလာသည့် ရေယာဉ်များနှင့် ခရီးသွားများကိုလည်း သတင်းရရှိမှုနှင့်အတူ သံသယရှိပါက နတ်မြစ်ကြောင်းအတွင်း ရေယာဉ်အားရပ်တန့်စေပြီး စစ်ဆေးရှာဖွေမှုကိုလည်း ဆောင်ရွက်လျက်ရှိရာ မသင်္ကာသူများ၊ တရားမဝင်ငါးခိုးဖမ်းလှေများ ဖမ်းဆီးရမိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာရဲစခန်းများသို့ လွှဲပြောင်းအပ်နှံလျက်ရှိကြောင်းလည်းသိရသည်။

**(သတင်းစဉ်)**

## ကိုးတန်ကောက်ရဲကင်းစခန်းအား တိုက်ခိုက်မှုတွင်ပါဝင်ခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကိုးတန်ကောက်ရွာအား ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် ဝင်ရောက်ရှင်းလင်းရာ ကိုးတန်ကောက် ရဲကင်းစခန်းအား အကြမ်းဖက်စီးနင်း တိုက်ခိုက်သူနှစ်ဦးဖြစ်သည့် ဆော်လီမူလာ(ဘ)မာမွတ်ရှော်ရီနှင့် မာမွတ်နော်ဘီ(ဘ)နော်ဟီဟူဆောင်း ကိုးတန်ကောက် ရွာမကျေးရွာနေသူတို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူနှစ်ဦးအား ကိုးတန်ကောက်ရဲကင်းစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



## မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာအနီး အမျိုးသားတစ်ဦး သေဆုံးနေကြောင်း တွေ့ရ

**မောင်တော နိုဝင်ဘာ ၅**

မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာမြောက်ဘက် ခနိခင်းအတွင်း၌ နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီခန့်က အသက် ၅၄ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးအား ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း ရွာသားများက တွေ့ရှိခဲ့သည်။



အဆိုပါ သေဆုံးသူမှာ မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာအုပ်စု ရပ်ကွက်(၅)မှ အာလီအူလာ (ဘ) ရော်ရှီးတာမတ် အသက် (၅၄နှစ်)ဖြစ်ပြီး လည်ပင်းတွင် ပြတ်ရှဒဏ်ရာအပါအဝင် ပြတ်ရှ၊ ထိုးသွင်းဒဏ်ရာများစွာဖြင့် စွန့်ပစ်ထားသည်ကို ရွာသားများက တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းမိသားစုများက ငါးခူရနယ်မြေရဲကင်းစခန်းသို့ တိုင်ကြားခဲ့ပြီး ဘာသာရေးအစဉ်အလာနှင့်အညီ မြှုပ်နှံသင်္ဂြိုဟ်ပြီးဖြစ်ကြောင်း သိရှိရသဖြင့် သက်ဆိုင်ရာမှ ဖြစ်စဉ်စိစစ်ပြီး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မီးလောင်လျှင်

၁။ ထွက်မပြေးပါနှင့် စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပါ။
၂။ ကြိတ်မငြိမ်းပါနှင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
၃။ နီးစပ်ရာ မီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။
၄။ ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။
၅။ မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများအချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

## မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ် စစ်ဆေးရေးဂိတ် POE မောင်တောမြို့တွင် ထားရှိဆောင်ရွက်နေ



**မောင်တော နိုဝင်ဘာ ၅**

ရခိုင်ပြည်နယ် မောင်တောခရိုင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိရာ လူနှင့်ပစ္စည်းအဝင်အထွက်များကို စနစ်တကျစစ်ဆေးနိုင်ရေးအတွက် မောင်တောမြို့တွင် နယ်စပ်စစ်ဆေးရေးဂိတ် (Pass of Entry and Exit – POE) ထားရှိပြီး စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဌာနမှ ဝန်ထမ်းများက နယ်ခြားစောင့်ရဲတပ်ဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် လူနှင့်ပစ္စည်း အဝင်အထွက် ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ ရေကြောင်းတာဝန်ခံအရာရှိတစ်ဦးက "ကျွန်တော်တို့အနေနဲ့ တရားမဝင် ငါးဖမ်းမှု၊ မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်မှု၊ ပင်လယ်ဓားပြ၊ လူမှောင်ခိုကူးမှု၊ တရားမဝင် ရွှေ့ပြောင်းသွားလာမှု၊ တရားမဝင် ကုန်ပစ္စည်းများ ဖြတ်သန်းသွားလာမှုတွေကို နတ်မြစ်တစ်လျှောက်စောင့်ကြည့်တားမြစ်တဲ့ အလုပ်တွေကို ဆောင်ရွက်ပါတယ်။ တရားမဝင် နိုင်ငံကူးလက်မှတ်နဲ့ သွားလာမှုမဖြစ်စေဖို့လည်း မြစ်ကြောင်းတစ်လျှောက် ဖြန့်ကြက်စောင့်ကြည့်ပြီး လိုအပ်တဲ့ဆောင်ရွက်မှုတွေ ပြုလုပ်ပါတယ်"ဟု ပြောကြားသည်။

ထို့အတူ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ရဲ့အဓိကတာဝန်ကတော့ နိုင်ငံသားနဲ့ နိုင်ငံခြားသားဝင်ထွက်တာကို စောင့်ကြည့်တယ်။ တရားဝင် ဝင်ထွက်သွားလာမှုကို ကြီးကြပ်ပြီးတော့မှ လက်မှတ်ထုတ်ပေးပြီး သတ်မှတ်ချက်နဲ့ကိုက်ညီသူတွေကို ဖြတ်သန်းခွင့်ပြုပါတယ်။ နေ့ချင်းပြန် ပတ်စ်ပို့တွေရှိပါတယ်။ သုံးရက်ပတ်စ်ပို့တွေရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကျတော့ သူတို့နိုင်ငံက ထုတ်ပေးတဲ့ ပတ်စ်ပို့တွေနဲ့လာပြီး သတ်မှတ်ချက်နဲ့ကိုက်ညီရင် ဝင်ခွင့်ပေးပါတယ်။ သယ်ဆောင်တဲ့ပစ္စည်းနဲ့ ပတ်သက်ပြီးတော့ အကောက်ခွန်နဲ့ပဲဆိုင်ပါတယ်။ ထွက်သွားတဲ့ပြည်သူတွေ နေ့ချင်းပြန်သွားလာသူတွေအတွက် ပတ်စ်ပို့သက်တမ်းကုန်သွားလို့ ဒဏ်ရိုက်တာတွေမရှိပါဘူး။ ဟိုဘက်ကလည်း နေ့ချင်းပြန်လာပြီး ပြန်သွားကြတာပါပဲ။ ဒီကလူတွေက နံနက် ၁၀ နာရီလောက်ထွက်ပြီး ညနေ ၄ နာရီလောက်ဆိုရင် ပြန်ရောက်လာကြတယ်။ ဝင်ထွက်ဂိတ်က အခြားနေရာတွေမှာမရှိဘဲ ဒီနေရာတစ်ခုပဲရှိပါတယ်"ဟု ရှင်းပြသည်။

အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်း "ကျွန်တော်တို့ တာဝန်ကတော့ ဒီကဝင်လာတဲ့ တရားမဝင်ပစ္စည်းတွေ၊ လက်နက်ခဲယမ်းတွေ၊ မူးယစ်ဆေးဝါးတွေစတဲ့ တရားမဝင် လုပ်ငန်းတွေကို စိစစ်ရတဲ့တာဝန်ပါ။ နယ်ခြားစောင့် ရဲတပ်ဖွဲ့ရဲ့အောက်မှာ ကျွန်တော်တို့က တာဝန်ထမ်းဆောင်နေတဲ့အတွက် သူတို့ရဲ့ထိန်းချုပ်မှုအောက်မှာ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်ကြပါတယ်။ အဓိကကတော့ တားမြစ်ပစ္စည်းတွေ အဝင်အထွက်မရှိဖို့ ရေတပ်၊ လဝကနဲ့ အကောက်ခွန်ဌာနတို့ ပူးပေါင်းညှိနှိုင်းပြီးတော့ အရေးယူဆောင်ရွက်ရပါတယ်။ ဝင်ထွက်ခွင့်ရသူတွေကတော့ တစ်ပိုင်တစ်နိုင်ပစ္စည်းတော့ သယ်ခွင့်ပြုပါတယ်"ဟု ပြောသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်မှ တည်ငြိမ်အေးချမ်းလျက်ရှိသည့် ရွှေဇဟိုလ်ကျေးရွာ



**မောင်တော နိုဝင်ဘာ ၅**

မောင်တောမြို့နယ်မှ ရှစ်မိုင်ခန့်အကွာ မောင်တော- ဝေသာလီ- ဥဒေါင်း ကွန်ကရစ်ကားလမ်းပေါ်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ပြန်လည်ဝင်ရောက်လာသော တိုင်းရင်းသားများစုစည်းနေထိုင်သည့် ရွှေဇဟိုလ်ကျေးရွာမှာ တည်ငြိမ်အေးချမ်းလျက်ရှိသည်။

အဆိုပါကျေးရွာမှာ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့သည့် တိုင်းရင်းသားအိမ်ထောင်စု ၇၄၂ စုအနက်မှ အိမ်ထောင်စု ၅၀ ကို နယ်စပ်ရေးရာဝန်ကြီးဌာနအစီအစဉ်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၂၅၀ အကုန်အကျခံပြီး သွပ်မိုးတစ်ထပ်အုတ်တိုက် အလုံး ၅၀ ဆောက်လုပ်၍ တည်ထောင်ပေးထားခြင်းဖြစ်သည်။

ထို့ပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာပင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၂ သန်းကျော်အကုန်အကျခံပြီး ရေတွင်းသုံးတွင်း တူးဖော်ပေးထားကြောင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစပြီး ဝင်ရောက်လာသည့် အိမ်ထောင်စုအရေအတွက်အလိုက် တစ်နှစ်စာရိက္ခာငွေထောက်ပံ့ပေးထားကြောင်းလည်း သိရသည်။

"၂၀၁၂ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်ဘက်ကနေ မြန်မာနိုင်ငံကို ပြောင်းရွှေ့ဝင်ရောက်လာချိန်မှာ ရွှေဇဟိုလ်ရွာဆိုတာကို တစ်ထပ်အိမ် အလုံး ၅၀ ဆောက်လုပ်ပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ မှာ စတင်နေထိုင်ခွင့်ပေးခဲ့တာဖြစ်ပါတယ်။ မီးအတွက် ဆိုလာပြား၊ ဘက်ထရီအိုး၊ အင်ဗာတာတွေကအစ တပ်ဆင်ပေးထားတော့ မိုးလင်းပေါက်သုံးလို့ရပါတယ်"ဟု ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးတင်အောင်က ရှင်းပြသည်။

"သူတို့အများစု တတ်ကျွမ်းတာက လယ်ယာမြေလုပ်ငန်းဖြစ်တယ်။ ထွန်ယက်စရာနွားမရှိတဲ့အပြင် စက်လည်းမရှိတော့ ပေါက်တူးကိုအသုံးပြုပြီး တစ်ပိုင်တစ်နိုင်လုပ်ငန်းလေးတွေပဲ လုပ်နိုင်ကြတယ်။ သူတို့တွေကို ဖြစ်စေချင်တာက အိမ်ထောင်စုတစ်စုကို နွားတစ်ရှဉ်း(?) နှစ်ကောင်၊ သုံးကောင်လောက်ပိုင်အောင် လုပ်ပေးလိုက်ရင် မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေမယ်လို့ ထင်ပါတယ်။ ထောက်ပံ့ပေးတာတွေကိုပဲ မျှော်ကိုးပြီး နေမယ်ဆိုရင်တော့ ရေရှည်အဆင်ပြေမှာ မဟုတ်ပါဘူး"ဟု ဦးတင်အောင်က ဆက်လက်ပြောပြသည်။

ရွှေဇဟိုလ်ကျေးရွာရှိ အာစီနှစ်ထပ်ဘုန်းတော်ကြီးကျောင်းမှာလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ငွေကျပ်သန်း ၁၂၀ ကျော် အကုန်အကျခံပြီး ဆောက်လုပ်လှူဒါန်းထားသည့်အပြင် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှလည်း ကင်းစခန်းဆောက်လုပ်၍ လုံခြုံရေးဆောင်ရွက်ပေးထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပိုင်ရှင်မဲ့တွေ့ရှိသည့် ပိုက်ဆံအိတ်အား ပိုင်ရှင်ထံ ပြန်လည်ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၅**

ယမန်နေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်က ဆရာတော် ဦးသုန္ဒရသည် မင်းကွန်းဒေသသို့ ဘုရားဖူးလာရောက်စဉ် မြသိန်းတန်ဘုရားအလယ်ပစ္စယံလှေကား၌ အနက်ရောင်ခေါက်ပိုက်ဆံအိတ်တစ်လုံး ပိုင်ရှင်မဲ့တွေ့ရှိ၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု(မင်းကွန်း)မှ ဒုရဲအုပ် အောင်ပိုင်စိုးထံ လာရောက်အပ်နှံပေးသဖြင့် ပိုက်ဆံအိတ်ကို စိစစ်ခဲ့ရာ မြန်မာငွေကျပ် ၂၂၀၀၀၊ အမေရိကန်ဒေါ်လာ ၄၁ ဒေါ်လာနှင့် ဟော်လန်နိုင်ငံသူ Mrs.Birgitt Ernesting ၏ ပတ်စ်ပို့ မိတ္တူတစ်ရွက်တို့ကို တွေ့ရှိရသဖြင့် ပိုင်ရှင်အား စုံစမ်း၍ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

## မှုခင်းသတင်းတိုများ

### ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

လားရှိုးမြို့ မြို့ရှောင်လမ်း အိုရီယမ်တယ်တိုးဂိတ်အနီး၌ ဘိန်းဖြူဆပ်ပြာခွက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူနှစ်ဦးကို နိုဝင်ဘာ ၃ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်တပ်ဖွဲ့ စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များက ယာဉ်များကို စစ်ဆေးရှာဖွေစဉ် အောင်မြင့် မောင်းနှင်လာပြီး ဇနီးဖြစ်သူ မကြည်ကြည်သန်း လိုက်ပါလာသည့် ဆိုင်ကယ်ပေါ်မှ ဘိန်းဖြူဆပ်ပြာခွက် ၁၁ ခွက်(အလေးချိန် ၁၁၀ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၅ ပြားတို့ကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ အလားတူ နိုဝင်ဘာ ၂ ရက်ကလည်း တောင်ကြီးမြို့နယ် လွယ်တော်ကျေးရွာအုပ်စု ကောင်းမှုစဉ်ကျေးရွာအနီး မိုင်းပျဉ်း-တောင်ကြီး ကားလမ်းပေါ်တွင် ထက်ဝေဖြိုးမောင်းနှင်ပြီး ဖြိုးကိုကိုလင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ပအိုဝ်းပြည်သူ့စစ်အဖွဲ့က ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၅၀ ပြားကိုလည်းကောင်း၊ ကျော်ဟိုးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ရာ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား တောင်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

### ဒိုက်ဦးမြို့နယ်အတွင်း အမြန်လမ်းပေါ်၌ ယာဉ်မတော်တဆမှုဖြစ်

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်၌ နိုဝင်ဘာ ၄ ရက်က ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ပြီး ယာဉ်ပေါ်ပါခရီးသည်များ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း တင်ဝင်း(၄၆နှစ်) မောင်းနှင်လာသော ဟွန်ဒိုင်းယာဉ်သည် မိုင်တိုင်အမှတ်(၅၂/၇) နှင့် (၅၃/၀)ကြား၌ ရှေ့ယာဘက်တိုက်ရော့ပြုတ်၍ အရှိန်မထိန်းနိုင်ဘဲ တစ်ပတ်လိမ့်ပြီး တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။ ယာဉ်တိမ်းမှောက်မှုကြောင့်ယာဉ်မောင်း အပါအဝင် ယာဉ်ပေါ်ပါသူ ၂၀ ဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး ယာဉ်မောင်း တင်ဝင်းအား ဘောနီအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### တရားမဝင်သစ်စက်နှင့် ကျွန်းသစ်လုံးများဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးသစ်တောကြိုးဝိုင်းနယ်မြေအတွင်း တရားမဝင်သစ်စက်လုပ်ကိုင်သူကို သစ်စက်ဝိုင်းအစုံနှင့် ကျွန်းသစ်လုံးများနှင့်အတူ နိုဝင်ဘာ ၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။ မော်လူးသစ်တောကြိုးဝိုင်းအတွင်း တရားမဝင်သစ်စက် လည်ပတ်နေကြောင်း သတင်းအရ စခန်းမှူး ရဲအုပ်မင်းနိုင်ဦးစီးသောအဖွဲ့နှင့် တောအုပ်ကြီးဦးခင်မောင်စိန် ဦးစီးသော သစ်တောဝန်ထမ်းများအဖွဲ့တို့က သွားရောက်ရှာဖွေရာ မော်လူးကျေးရွာအုပ်စု အုန်းဒုတ်ကျေးရွာနေ မန္တယ်(ခ)မစန်းစန်းနွယ်နှင့်အတူ တရုတ်နိုင်ငံထုတ် ၂၅ ကောင်အား အင်ဂျင် တစ်လုံး၊ သုံးပေလွှဝိုင်း တစ်ခုနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ကျွန်းသစ် ၁၃ လုံးတို့ကို သိမ်းဆည်းရမိသဖြင့် မော်လူးရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **(ဝ၆၇)**

### အလုံပိတ်တဲနှင့် အလုံပိတ်အခန်းဖွင့်လှစ်လုပ်ကိုင်သူအား အရေးယူထား

မန္တလေး အောင်မြေသာစံမြို့နယ်အတွင်း၌ အလုံပိတ်တဲနှင့် အလုံပိတ်အခန်းများ ထည့်သွင်းဖွင့်လှစ်ထားသော အအေးဆိုင်တစ်ဆိုင်ကို နိုဝင်ဘာ ၃ ရက်က ဝင်ရောက်ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ်(၁)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရ သက်သေများနှင့်အတူ (၂၂)လမ်း၊ (၅၇)လမ်းနှင့် (၅၈)လမ်းကြားရှိ ဒေါ်လွင်လွင်ကြည်(ခ)မလွင် ဖွင့်လှစ်ထားသော True Love အအေးဆိုင်သို့ ဝင်ရောက်စစ်ဆေးခဲ့ရာ ဆိုင်အတွင်း၌ အလုံပိတ်တဲနှင့် အလုံပိတ်အခန်း ၁၄ ခန်း ထည့်သွင်းဖွင့်လှစ်ထားသည်ကို တွေ့ရသဖြင့် ဆိုင်ရှင် ဒေါ်လွင်လွင်ကြည်(ခ)မလွင်အား စည်ပင်သာယာ (အထူး) တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# အမြန်လမ်းတွင် အချိန်တစ်နာရီအတွင်း ယာဉ်မတော်တဆမှုနှစ်ခုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၅**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်၌ နိုဝင်ဘာ ၅ ရက်က နံနက် ၄ နာရီနှင့် ၅ နာရီအတွင်း ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။



နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် နေပြည်တော်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော တိုယိုတာကော်ရိုလာဗန် မော်တော်ယာဉ်သည် ဖြူးအမြန်လမ်းရဲတပ်ဖွဲ့စခန်းအပိုင်အတွင်း မိုင်တိုင်အမှတ်(၁၁၈/၃)နှင့် (၁၁၈/၄)အကြား၌ ဝဲဘက်ရှေ့ဘီးပေါက်၍ လမ်းလယ်ကပ်တုံးများကို တိုက်မိပြီး လမ်းလယ်ကျွန်းပေါ်ရှိ ရေမြောင်းထဲသို့ ရောက်ရှိသွားခဲ့သည်။

ထို့အတူ နံနက် ၅ နာရီခန့်တွင် ပေပင်လေးအမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၂၅၅/၃)နှင့် (၂၅၅/၄)အကြား၌ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ပန်းများတင်ဆောင်၍ ယာဉ်မောင်း ဗိုလ်ဝင်း မောင်းနှင်လာသော ကန်တာယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်သဖြင့် လမ်းလယ်တုံးကိုတိုက်ကာ လမ်းလယ်ကျွန်းပေါ်တွင် ရပ်တန့်သွားခဲ့သည်။

အဆိုပါ ယာဉ်မတော်တဆမှု ဖြစ်စဉ်နှစ်ခုတွင် ယာဉ်ပေါ်ပါသူများမှာ ထိခိုက်ဒဏ်ရာရခြင်း မရှိခဲ့ကြောင်းနှင့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ယာဉ်မောင်းသူများအား ဖြူးအမြန်လမ်းရဲတပ်ဖွဲ့စခန်းနှင့် ပေပင်လေးအမြန်လမ်းရဲတပ်ဖွဲ့စခန်းတို့က အမှုဖွင့်အရေးယူထားကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

**သန်းဦး(လေးမျက်နှာ)၊ ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**

# အမျိုးသမီးအား လူသတ်မှုကျူးလွန်ခဲ့သူ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ဆူးလေကုန်းကျေးရွာ မုံရွာ-ရွှေဘိုကားလမ်း မိုင်တိုင်အမှတ်(၁၆/၂-၃)ကြား လမ်း၏တောင်ဘက်ရှိ ပဲစင်းငုံယာခင်းအတွင်း၌ နိုဝင်ဘာ ၁ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က ရင်ဘတ်၌ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသူ အမျိုးသမီးတစ်ဦးကို တွေ့ရှိကြောင်းသတင်းအရ အရာတော်မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ သေဆုံးသူအနီး၌ တွေ့ရှိသည့် လိပ်စာအရ ရွှေဘိုမြို့အမှတ်(၁) ရပ်ကွက်နေ နီနီဝင်းရွှေ(၂၅ နှစ်) ဖြစ်ကြောင်း သိရှိရသဖြင့် အရာတော်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့သည်။ စုံစမ်း စစ်ဆေးချက်အရ ပြစ်မှုကျူးလွန်သူမှာ ကန့်ဘလူမြို့နယ် ဇီးကုန်းရွာနေ နိုင်ထက်အောင်(ခ)ထင်ကျော်လင်း(၂၂ နှစ်) ဖြစ်ကြောင်းသိရှိရသည်။ နိုင်ထက်အောင်အား ယမန်နေ့ နံနက် ၇ နာရီ ၄၅ မိနစ်က ရွှေဘိုမြို့ ဘုတာရပ်ကွက် “ဟိုးဟိုးကျော်” လက်ဖက်ရည်ဆိုင်၌ ဖမ်းဆီးရမိရာ ၎င်းက သေဆုံးသူနှင့် သမီးရည်းစားဖြစ်ပြီး အခင်းဖြစ်သည့်နေ့က မုံရွာတက္ကသိုလ်သို့ ဆိုင်ကယ်ဖြင့် လိုက်ပို့ခဲ့စဉ် အခင်းဖြစ်နေရာအရောက်တွင် ၎င်းတို့နှစ်ဦး စကားများရာက အသင့်ပါလာသော ဓားဖြင့် ထိုးသတ်ခဲ့ကြောင်း၊ သေဆုံးသူထံမှ ယူဆောင်သွားသည့် အဖြူရောင် လက်ကိုင်ဖုန်းတစ်လုံးကို ရွှေဘိုမြို့အမှတ် (၃) ရပ်ကွက်ရှိ “ဗွဲ” အမျိုးသားဘော်ဒါဆောင် အနောက်ဘက် ရေချိုးကွန်ကရစ်အုတ်ကန်အတွင်း၌ ပစ်ချထားကြောင်း ထွက်ဆိုချက်အရ သက်သေခံဖုန်းအား သိမ်းဆည်းပြီး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ကိုရဲ**

## အိမ်တစ်လုံးမီးလောင်မှုဖြစ် လူတစ်ဦးသေဆုံးခဲ့

**ဟားခါး နိုဝင်ဘာ ၅**

ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ခိုင်ကမ်းအားကစားရုံအနီး၌ နိုဝင်ဘာ ၄ ရက် နံနက် ၆ နာရီ ခန့်က နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားပြီး လူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ လျှပ်စစ်ပေါင်းအိုး အပူလွန်ကဲခြင်းကြောင့် မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ကြောင်းနှင့် မီးလောင်မှုကြောင့် ၂၅ ပေ × ပေ ၂၀ ရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး(နှစ်ထပ်) နေအိမ်တစ်လုံး အပေါ်ထပ် အားလုံး မီးလောင်ကျွမ်းခဲ့ပြီး အိမ်အပေါ်ထပ်တွင် အိပ်ပျော်နေသော အိမ်ပိုင်ရှင် ဦးကျုံးအုပ် အသက်(၄၆ နှစ်)မှာ မီးလောင် သေဆုံးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**




**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၈၄၇၁၁ Honda Dream-125 ,M/Cယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာသိန်းဌေး ၉/ပသက(နိုင်)၀၈၇၈၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**အမည်မှန်**

ဖျာပုံမြို့နယ်၊ ဂုံညှင်းတန်းကျေးရွာနေ ဦးမောင်နီ-ဒေါ်ခင်လှတို့၏ သမီး မလှနန္ဒာထွန်း ၁၄/ဖပန(နိုင်)၁၂၅၈၁၀ သည် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ အမည်မှန်မှာ မလှသန္တာထွန်း ဖြစ်ပါကြောင်း။

**အများသိစေရန်ကြေညာချက်**

ကိုမြင့်ဌေး(ဘ)ဦးသာအေး ၁၄/လမန(နိုင်)၀၀၁၃၃၇ အမှတ်၂၆၄၊ ပီမိုးနင်းလမ်း၊ (၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကိုမြင့်ဌေးနှင့် မနန္ဒာလှိုင် (ဘ)ဦးခင်မောင်ညွန့် ၁၄/မမက(နိုင်)၁၄၀၄၈၂ အမှတ် ၆၃၊ တပင်ရွှေထီးလမ်း၊ (၁၂)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့သည် လွန်ခဲ့သော(၂)နှစ်ခန့်က လူကြီးမိဘများ ခွင့်ပြုချက်ဖြင့် နှစ်ဦးသဘောတူ ပေါင်းသင်းနေထိုင်ခဲ့ရာ သားသမီးထွန်းကားရရှိခြင်းမရှိပါ။

အိမ်ထောင်ကျပြီး ကိုမြင့်ဌေး အလုပ်လုပ်ကိုင်နေထိုင်ရာ လှိုင်သာယာမြို့နယ်တွင် နေထိုင်ခဲ့ကြပါသည်။ ယခုအခါတွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထား တူညီမျှတမှုမရှိကြသဖြင့် လင်မယားအဖြစ်မှ ကွာရှင်းကြရန် ဆန္ဒရှိကြသဖြင့် ၆-၉-၂၀၁၆ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းခဲ့ကြပါသည်။

ထိုသို့ နှစ်ဦးသဘောတူ ကွာရှင်းကြရာတွင် တစ်ဦးနှင့်တစ်ဦး နှိပ်စက်ညှဉ်းပန်း အနိုင်အထက်ပြုခြင်းမဟုတ်ဘဲ သဘောတူကွာရှင်းကြခြင်းဖြစ်ပါသည်။ ကိုမြင့်ဌေးနှင့် မနန္ဒာလှိုင်တို့သည် ကွာရှင်းကြပြီးဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး မသက်ဆိုင်တော့ကြောင်း၊ လူမှုရေး၊ စီးပွားရေးနှင့်ကိစ္စရပ်များတွင် စွက်ဖက်ဝင်ရောက်ခြင်းမရှိကြတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်စိုး(တရားလွှတ်တော်ရှေ့နေ) (၄၅၀၄)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၃/ညောင်ပင်ဝိုင်း)၊ မြေကွက်အမှတ် ၁၃၂၊ မြေကွက်အတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဦးသန်းမောင်(ဘ)ဦးအောင်ဒင် ၉/ပမန(နိုင်)၁၀၄၉၄၁ (ကိုယ်စား) ဦးမိုးဦးထွန်းက ဝန်ခံကတိပြုချက်၊ မြေချစလစ်မူရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ မြေပေးမိန့် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ငှားမည် (ပွဲစားမလို)**

ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ဖလွာ၊ တစ်ခန်းလျှင် ပေ (၁၅×၆၀)ရှိ တိုက်ခန်း (၂)ခန်း၊ ဘေးချင်းကပ်၊ Lift ရှိ တစ်ခန်း တစ်လ (၁၀)သိန်း။

ကမာရွတ်မြို့နယ်၊ ဂျန်းရှင်းစကွဲယားအနီး၊ ဇဟိုလမ်း၊ ပြည်ရိပ်မွန်အိမ်ရာ (၆၀၀)စတုရန်းပေရှိ မြေညီထပ်၊ အိပ်ခန်း (၁)၊ အိမ်သာ ရေချိုးခန်း (၄)သိန်း။

ရွှေပြည်သာမြို့နယ်၊ ရထားလမ်းအရှေ့ဘက်၊ အာဇာနည်မြို့ပတ်လမ်း၊ မြေ ပေ (၁၂၀×၆၀)၊ RC နှစ်ထပ်၊ MB (2), B (2)၊ စတို (၁)ဧည့်ခန်း၊ ထမင်းစားခန်းအားလုံးပါကေး၊ အိမ်သာရေချိုးခန်း မီးဖို၊ အားလုံးသံပန်း၊ ခြင်ဆန်ခါ၊ (၇)သိန်း

**ဖုန်း-၀၉-၉၇၄၁၄၈၉၃၄၊ ၀၉-၂၆၃၆၈၁၅၃၄**

# ငြိမ်းချမ်းရေးအခြေပြု ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် စစ်ဘေးရှောင်ရန်ပုံငွေဂီတပွဲတော် ကျင်းပ

**ဘားအံ နိုဝင်ဘာ ၅**

ကရင်ပြည်နယ် ဘားအံမြို့၌ ငြိမ်းချမ်းရေးအခြေပြု ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် စစ်ဘေးရှောင်ရန်ပုံငွေဂီတပွဲတော်အဖြစ် သရုပ်ဆောင်၊ အဆိုတော်၊ ဒါရိုက်တာ၊ အနုပညာရှင်များ ပါဝင်သော ငြိမ်းချမ်းချစ်ကြည်ရေး ဘောလုံးအသင်း (Artist United Peace FC)နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဘားအံမြို့ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်ကျောင်းသားများနှင့် ဆရာများပါဝင်သော ဘားအံတက္ကသိုလ်စီမံချက် ဘောလုံးအသင်း ( Football for Peace Project )တို့ နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းက အောင်သံလွင်အားကစားကွင်းအတွင်း၌ ကျင်းပခဲ့သည်။

ရွှေဦးစွာ တေးသံရှင် စောဖိုးခွား၊ စောအောင်မျိုး (အိပ်မက်ဆုံရာ)၊ သက်မြတ်နိုး၊ သိုးလေး၊ ဂွာလာ၊ အငယ်လေးတို့က Simple Music Band နှင့်တွဲဖက်၍ ငြိမ်းချမ်းရေးတေးသံသာများဖြင့် သီဆိုဖျော်ဖြေကြပြီး ငြိမ်းချမ်းရေးအခြေပြု ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲအတွက် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က အဖွင့်အမှာစကားပြောကြားကာ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကျင်းပနိုင်ခြင်းနှင့်ပတ်သက်ပြီး ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ Football for Peace Project ကော်မတီနာယက ဦးတေဇထွဋ်လှိုင်ထွေးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ကစားကြရာ ဘားအံတက္ကသိုလ်စီမံချက်ဘောလုံးအသင်းက ငြိမ်းချမ်းချစ်ကြည်ရေးဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။



ဘောလုံးပြိုင်ပွဲအပြီးတွင် ငြိမ်းချမ်းရေးအခြေပြု ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲနှင့် စစ်ဘေးရှောင် ရန်ပုံငွေဂီတပွဲတော် ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခြင်းအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က ဒါရိုက်တာ မောင်ဗေဒါ AUP FC နှင့် FFP လုပ်ငန်းကော်မတီ ဥက္ကဋ္ဌတို့အား ပေးအပ်ခဲ့သည်။

ယခုကျင်းပသည့် ဘောလုံးပြိုင်ပွဲနှင့် ဂီတပွဲတော်မှ ရရှိသည့် ကွင်းဝင်ကြေးလက်မှတ်ရောင်းရငွေ၊ တစ်ဦးချင်း အလှူငွေနှင့် AUP FC မှ အလှူငွေများကို ကရင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဂျပန်၌ကျင်းပသည့် ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ပြိုင်ဘက်ကိုအလဲထိုးဖြင့် အနိုင်ယူခဲ့သူ ထွန်းထွန်းမင်းနှင့် ပွဲစီစဉ်သူအဖွဲ့အား ဂုဏ်ပြုဆုငွေများပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၅**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့သည့် Lethwei Grand Prix 2016 ပြိုင်ပွဲတွင် ပြိုင်ဘက် ဩစတြေးလျနိုင်ငံသား အဒမ်အား အလဲထိုးဖြင့် အနိုင်ယူခဲ့ သော မြန်မာ့ရိုးရာလက်ဝှေ့ကျော် ထွန်းထွန်းမင်းနှင့် ပွဲစီစဉ်သူ မြန်မာမီဒီယာဂရုအား ရှင်ရဲထွဋ်ကုမ္ပဏီမိသားစုက ဂုဏ်ပြုငွေချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးစေတီ လမ်း Super ဟိုတယ်ရှိ ကုမ္ပဏီရုံးခန်း၌ ကျင်းပသည်။




ရှင်ရဲထွဋ်ကုမ္ပဏီဥက္ကဋ္ဌ ဦးရဲထွဋ်က ကိုယ်ခံပညာရပ်များကို လူငယ်များ ပိုမိုလိုက်စား လေ့ကျင့်သင်ကြားနိုင်ရန်နှင့် မြန်မာ့ ရိုးရာလက်ဝှေ့ကို ကမ္ဘာက ပိုမိုစိတ်ဝင်စားမှုရှိလာစေရန် ရည်ရွယ်၍ ချီးမြှင့်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပွဲစီစဉ်သူ မြန်မာမီဒီယာဂရုမှ ဦးဝဏ္ဏက မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဂျပန်နိုင်ငံ၌ ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်သော်လည်း အထူးအောင်မြင်မှုရရှိခဲ့ကြောင်း၊ ဂျပန်ပရိသတ်အများအပြား လာရောက်ကြည့်ရှုပြီး စိတ်ဝင်စားမှုအတော်များခဲ့ကြောင်း၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ဂျပန်နိုင်ငံ၌ ဆက်လက်ကျင်းပနိုင်ရန် မိမိတို့အား ကမ်းလှမ်းလျက်ရှိကြောင်း၊ ထပ်မံကျင်းပဖြစ်ပါက အမျိုးသမီးတွဲဆိုင်းများကိုလည်း ထည့်သွင်းနိုင်ရန် စီစဉ်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ရှင်ရဲထွဋ်ကုမ္ပဏီဥက္ကဋ္ဌ ဦးရဲထွဋ်က မြန်မာ့ရိုးရာ လက်ဝှေ့ကျော် ထွန်းထွန်းမင်းအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ နှင့် ပွဲစီစဉ်သူ မြန်မာမီဒီယာဂရုအား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၃၀ တို့ကို ပေးအပ်ချီးမြှင့်ရာ ထွန်းထွန်းမင်းကိုယ်စား နည်းပြဖြစ်သူ ဦးသမိန်ရဲသွေးနှင့် ဦးဝဏ္ဏတို့က လက်ခံရယူသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့၌ အောက်တိုဘာ ၂၇ ရက်က ပထမအကြိမ် ကျင်းပခဲ့သည့် Lethwei Grand Prix 2016 ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ကျော် ထွန်းထွန်းမင်းက ဩစတြေးလျနိုင်ငံသား အဒမ်ကို နောက်ဆုံးအချီ ပွဲပြီးခါနီး ၁၅ စက္ကန့်အလိုတွင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပထမနှင့် ဒုတိယအချီတွင် ထွန်းထွန်းမင်းက လက်ရည် အသာစီးရရှိခဲ့သော်လည်း တတိယနှင့် စတုတ္ထအချီတွင် ပြိုင်ဘက် အဒမ်က ပြန်လည်အသာစီးရရှိနေစဉ် အဆိုပါပွဲစဉ်ကို ကိုယ်တိုင်ကိုယ်ကျသွားရောက်ကြည့်ရှုသူ ရှင်ရဲထွဋ်ကုမ္ပဏီဥက္ကဋ္ဌ ဦးရဲထွဋ်က ထွန်းထွန်းမင်းကို အနိုင်ရရှိရေးအတွက် ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ ကို ချီးမြှင့်ခဲ့ခြင်းဖြစ်ရာ ယနေ့ အခမ်းအနားတွင် လက်ရောက်ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုထွေး**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့**
**အိတ်ဖွင့်တင်ဒါပိတ်ရက် ရက်ပြောင်းလဲသတ်မှတ်ခြင်း**

ရခိုင်ပြည်နယ် ကုသရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းသစ် (၉)ခုအား ၂၂-၉-၂၀၁၆ရက်တွင် လည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများအနက်မှ (၃)ခုအား ၂၁-၁၀-၂၀၁၆ရက်တွင် လည်းကောင်း တင်ဒါခေါ်ယူခဲ့ပြီး ၄-၁၁-၂၀၁၆ရက်တွင် တင်ဒါပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ပါသည်။ သို့သော် လိုအပ်သော အဆောက်အအုံပုံစံများ အချိန်မီမရရှိသည့်အတွက် တင်ဒါပိတ်ရက်ကို ၁၈-၁၁-၂၀၁၆ရက် ၁၆း၃၀နာရီသို့ ပြောင်းလဲသတ်မှတ်လိုက်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဝန်ထမ်းအလိုရှိသည်။**

၁။ လုံခြုံရေး ကျား (၂၀) ဦး
အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် အနည်းဆုံးပေါင် (၁၀၀)ရှိရမည်၊ကျန်းမာရေးကောင်းမွန်၍ အကျင့်စာရိတ္တကောင်းမွန်ရမည်၊ သွက်လက်မှုရှိရမည်။

၂။ သန့်ရှင်းရေး မ (၁၀) ဦး
ကျန်းမာရေးကောင်းမွန်၍ အကျင့်စာရိတ္တကောင်းမွန်ရမည်၊ သွက်လက်မှုရှိရမည်။

၃။ အရောင်းဝန်ထမ်း မ (၅၀) ဦး
အခြေခံပညာအထက်တန်းအဆင့်ရှိရမည်၊ အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်၊ ကျန်းမာရေးကောင်းမွန်၍အကျင့်စာရိတ္တကောင်းမွန်ရမည်၊ဈေးရောင်းခြင်းလုပ်ငန်းကို စိတ်ဝင်စား၍ အများနှင့်ဆက်ဆံရေးဝါသနာပါသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက် နှင့် ရဲစခန်းထောက်ခံချက်မူရင်း၊အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာရေးထောက်ခံချက် ၊ ဓါတ်ပုံ(၁)ပုံ တို့နှင့် အတူ ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ်(၂၄၅)၊ ဗားကရာလမ်း၊ မြေနီကုန်း။ စမ်းချောင်းမြို့နယ် ၊ ဖုန်းနံပါတ်- ၀၁-၅၁၆၅၃၃-၅ သို့ (၁)လအတွင်း လျှောက်လွှာများ ပေးပို့ လျှောက်ထားနိုင်ပါသည်။



# လုပ်ငန်းခွင်အတွင်းဖြစ်ပေါ်တတ်သော ဆူညံသံများနှင့် အန္တရာယ်

ချိုမီကို (အလုပ်ရုံစစ်ဆေးရေး)

လုပ်ငန်းခွင်မတော်တဆထိခိုက်မှုများသည် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ချွတ်ယွင်းသည့် ပတ်ဝန်းကျင်အခြေအနေနှင့် မှားယွင်းသောလုပ်ဆောင်မှုများကို အကြောင်းပြု၍ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ လုပ်ငန်းခွင်အတွင်း လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများသည် လုပ်ငန်းခွင်ကြောင့် ဘေးအန္တရာယ်အမျိုးမျိုးခံစားရခြင်း၊ ကျန်းမာရေးထိခိုက်လျက် ရောဂါများရရှိခံစားရခြင်းနှင့် အသက်သေဆုံးခြင်းအထိ ဖြစ်နိုင်သည်။ သို့ဖြစ်၍ လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်နှင့် ကျန်းမာရေးထိခိုက်မှုအခြေအနေများကို သိရှိနားလည်စေရန်နှင့် လိုအပ်သလို ကာကွယ်ထိန်းချုပ်မှုများ ပြုလုပ်နိုင်ရန် အရေးကြီးသည်။

safety ဆိုသည့်စကားလုံးကို S=Search for hazards (ဘေးအန္တရာယ်များအတွက် ရှာဖွေခြင်း)၊ A=Analyze the risk(အန္တရာယ်ဖြစ်နိုင်ချေများကို စိစစ်အကဲဖြတ်ခြင်း)၊ F= Find the cause(ဖြစ်ပွားရသည့် အကြောင်းရင်းရှာဖွေခြင်း)၊ E= Eliminate the cause(ဖြစ်ပွားရသည့် အကြောင်းရင်းများကို ဖယ်ရှားခြင်း)၊ T=tell others (အခြားသူများကို အသိပညာပေးခြင်း)နှင့် Y=you are safe(သင်သည် ဘေးအန္တရာယ်ကင်းရှင်းမည်)ဟု အဓိပ္ပါယ်ဖွင့်သည်။

လုပ်ငန်းခွင်များတွင် မြင်နိုင်၊ သိနိုင်ပြီး ချက်ချင်းထိခိုက်သေဆုံးမှုဖြစ်နိုင်သည့် အန္တရာယ်များရှိသလို ဆူညံသံနှင့် ထိတွေ့ခြင်းကဲ့သို့ ချက်ချင်းအကျိုးမပေးဘဲ ကာလကြာရှည်မှအကျိုးပေးနိုင်သည့် မမြင်နိုင်၊ မသိနိုင်သည့်အန္တရာယ်များလည်းရှိသည်။

ဆူညံသံဆိုသည်မှာ သာယာနာပျော်ဖွယ်မရှိသောအသံ၊ မလိုချင်သောအသံကို ဆိုလိုသည်။ လုပ်ငန်းခွင်တွင်ဖြစ်ပေါ်တတ်သော ဆူညံသံများသည် လုပ်သားများ၏ အာရုံကို အလွန် အနှောင့်အယှက်ဖြစ်စေသည်။ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုအနှောင့်အယှက်ဖြစ်စေခြင်း၊ လုပ်သားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးကို ထိခိုက်စေ၍ မတော်တဆဖြစ်စေခြင်း၊ လုပ်ငန်း၏အရည်အသွေးနှင့် ထုတ်လုပ်မှုလျော့နည်းခြင်းများကို ဖြစ်စေသည်။ ထို့အပြင် လုပ်ငန်းခွင်၌ (85 dBA) ထက်ပိုမိုသော ဆူညံသံ၊ ကျယ်လောင်သည့်အသံများကို နေ့စဉ်အလုပ်ချိန်အတွင်း ခံစားနေရပါက နားထိခိုက်မှု၊ အကြားအာရုံချို့တဲ့ခြင်း၊ နားလေးခြင်းများ ဖြစ်ပေါ်နိုင်သည်။

ဆူညံသံထွက်ပေါ်ရာ အဓိကနေရာများမှာ သတ္တုကျင်းနှင့် သတ္တုပြင်ဆင်ရာ ဌာနများ၊ ကျောက်စက်တိုက်ခြင်း၊ လှိုဏ်တိုက်ခြင်းစသည့် အင်ဂျင်နီယာလုပ်ငန်းများ၊ သံ၊ စတီးစက်ရုံများနှင့် အခြားအကြီးစားစက်မှုလုပ်ငန်းများ၊ ဖောက်စက်၊ နပ်၊ ဘို့၊ ဝက်အူရစ် စသည်တို့ထုတ်လုပ်သည့် စက်ရုံနှင့်သတ္တုလုပ်ငန်းများ၊ သစ်လုပ်ငန်းများ၊ သတ္တုဘူး၊ သတ္တုပုံးများအပါအဝင် ပုလင်းသွင်းလုပ်ငန်းစက်ရုံများ၊ အထည်အလိပ်စက်ရုံများ၊ စက္ကူစက်များနှင့် ပုံနှိပ်စက်များဖြစ်သည်။ ကျောက်စက်၊ compressor ၊ တံဆိပ်ရိုက်စက်၊ ပုံသွင်းစက်၊ ထုရိုက်ခြင်း၊ လေမှုတ်စက်၊ တွင်ခုံများ စသည်တို့သည်လည်း ဆူညံသံများသော အလုပ်နှင့် စက်ကိရိယာများဖြစ်သည်။

ဆူညံသံများသည် မလိုလားအပ်သော ဘေးအန္တရာယ်၊ ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပြီး မိမိနားအကြားအာရုံကို ထိခိုက်စေရုံတင်မက အခြားကျန်းမာရေးဆိုးကျိုးသက်ရောက်မှုများလည်း ရှိနိုင်သည်။ ဥပမာအားဖြင့် စိတ်ဖိစီးမှုများ၊ အာရုံခံစားရမှုများကို ပျက်ပြားစေခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ဆက်သွယ်ပြောဆိုမှု အဆင်မပြေခြင်းနှင့် သီးခြားတစ်ကိုယ်တည်းဖြစ်နေခြင်းကြောင့် လုပ်ငန်းခွင်ထိခိုက်မှု ပိုမိုများလာခြင်း၊ ကုန်ထုတ်လုပ်မှုကျဆင်းစေခြင်းတို့ကို ဖြစ်စေသည်။ လုပ်ငန်းခွင်တွင် ဆူညံသံကြောင့် ဆက်သွယ်ပြောဆိုမှုများကို အနှောင့်အယှက်ဖြစ်စေ၍ ဘေးအန္တရာယ်ဖြစ်ပေါ်စေရန် လှုံ့ဆော်သကဲ့သို့ ဖြစ်စေသည်။



ဆူညံသံများကြောင့် အကြားအာရုံချို့တဲ့မှုသည် လုပ်ငန်းခွင်များတွင် ဂရုမပြုမိဘဲ ဖြစ်လေ့ဖြစ်ထရှိသော လုပ်ငန်းခွင်ရောဂါတစ်မျိုးဖြစ်သည်။ ဆူညံသံများ၏ အနိမ့်အမြင့်အရ အချိန်တိုအတွင်းနားလေးခြင်း၊ နှစ်အတော်ကြာမှ နားလေးခြင်းများ ဖြစ်ပေါ်နိုင်သည်။ နားလေးခြင်းနှင့် အကြားအာရုံချို့တဲ့မှု ခံစားရပါက အလုပ်အကိုင်အခွင့်အလမ်း မရခြင်း၊ လုပ်သားများဆုံးရှုံးခြင်း၊ ထိုပုဂ္ဂိုလ်၏ ဆက်နွယ်မှုရှိသူများအားလုံး စားဝတ်နေရေးခက်ခဲခြင်းများ ဖြစ်ပေါ်နိုင်သည်။ လုပ်ငန်းခွင်အတွင်း 75 dBA မှ 80 dBA အတွင်း အသံကျယ်လောင်မှုသည် မည်သည့်ပြဿနာမျှ မဖြစ်သော်လည်း 85 dBA မှ 90dBA အထိ ရောက်ရှိလာပါက အကြားအာရုံ စတင်ပျက်စီးစေသည်။ 85 dBA အသံကို ရှစ်နာရီကြာ နေ့စဉ်ထိတွေ့နေရပါက အကြားအာရုံပျက်စီးနိုင်သကဲ့သို့ 109 dBA အသံကျယ်လောင်မှုကို နှစ်မိနစ်မျှထိတွေ့ရခြင်းနှင့် တူညီသည်။ ဆူညံသံတိုးလာသည်နှင့်အမျှ ထိတွေ့မှုနာရီကို လျှော့ချရမည်ဖြစ်သည်။



လုပ်ငန်းခွင်တွင် ကြည်လင်ပြတ်သားစွာ ကြားနိုင်စွမ်းရှိခြင်းသည် လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်ခြင်း၊ ထုတ်လုပ်မှုတိုးတက်စေခြင်းနှင့် ဘေးအန္တရာယ်ကင်းခြင်းတို့ကို ဖြစ်စေသည်။ ထို့ကြောင့် လုပ်ငန်းခွင်ကြောင့် မိမိနားအကြားအာရုံဆုံးရှုံးမှုမဖြစ်စေရေး ကြိုတင်ကာကွယ်ရန်လိုအပ်ပြီး စီမံခန့်ခွဲအုပ်ချုပ်သူများအနေဖြင့်လည်း လုပ်ငန်းခွင်ရှိဆူညံသံများကို ထိန်းချုပ်ရန်တာဝန်ရှိသည်။ အသံဖြစ်ပေါ်ရာအရင်းအမြစ်ကို အခန်းထောင့်နေရာများတွင် မထားသင့်ပေ။ အသံအရင်းအမြစ်ကို ပြန်ကန်ထွက်နိုင်သောမျက်နှာပြင်နှင့် နီးကပ်စွာထားလေလေ ဆူညံသံသည် ပို၍ပျံ့လွင့်လေလေဖြစ်သည်။ မျက်နှာပြင်သုံးဖက်ရှိသည့် အခန်းထောင့်များတွင် အသံပင်ရင်းကို ထားရှိခြင်းသည် ဆူညံသံ ပိုမိုဖြစ်ပေါ်စေပြီး အကောင်းဆုံးနည်းလမ်းမှာ နံရံများနှင့်ဝေးကွာစွာထားခြင်းပင် ဖြစ်သည်။

လုပ်ငန်းခွင်အတွင်း ဆူညံသံများကိုလျှော့ချရန်၊ ထိန်းချုပ်ရန် နည်းလမ်းများကို အဆင့်လိုက် တစ်ဆင့်ပြီးတစ်ဆင့် ပြုလုပ်ခြင်းဖြင့် လုပ်သားများ၏နားအကြားအာရုံ ထိခိုက်စေမှုကို ကြိုတင်ကာကွယ် လုပ်ဆောင်ရမည်ဖြစ်သည်။ ယေဘုယျအားဖြင့် ထိန်းချုပ်ရန် နည်းလမ်းများမှာ-

၁။ ဆူညံသံများသောလုပ်ငန်းစဉ်၊ စက်၊ ကိရိယာများကို ဖယ်ရှားခြင်း

၂။ မဖယ်ရှားနိုင်ပါက ဆူညံသံနည်းသည့် လုပ်ငန်းစဉ်၊ စက်၊ ကိရိယာများဖြင့် အစားထိုးသုံးစွဲခြင်း


၃။ အလုံပိတ် (သို့မဟုတ်) တစ်စိတ်တစ်ဒေသ ကာရံခြင်း၊ အရံအတား အသုံးပြုခြင်း၊ အသံထိန်းကိရိယာအသုံးပြုခြင်း၊ အသံလျော့အောင်ပြုလုပ်သောကိရိယာ အသုံးပြုခြင်း၊ သီးခြားခွဲခြားထားခြင်း၊ အသံစုပ်ကိရိယာများ အသုံးပြုခြင်း ၊ အင်ဂျင်များ / စက်များ၏ တုန်ခါမှုကိုလျော့နည်းစေရန် ပြုပြင်ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းကိရိယာများကို အမြဲစီမံချက်ထား၍ ထိန်းသိမ်းပြုပြင်ခြင်း၊ ပွတ်တိုက်ခြင်းကြောင့်ထွက်ပေါ်လာသောအသံများ လျော့နည်းစေရန် ချောဆီ စက်ဆီများ ဖြည့်ပေးခြင်း၊


၄။ လွန်ကဲသောဆူညံသံနှင့် ထိတွေ့ချိန်ကိုလျှော့ချရန် အလုပ်သမားများအား အလှည့်ကျလုပ်ကိုင်စေခြင်း၊ အလုပ်ချိန်ပြင်ဆင်သတ်မှတ်ခြင်း၊

၅။ နောက်ဆုံးအဆင့်အနေဖြင့် ဆူညံသံကာကွယ်ရန် နားအစို့၊ နားအကာ( ear plugs or ear muffs)များ စနစ်တကျအသုံးပြုခြင်းတို့ ဖြစ်သည်။


လုပ်ငန်းခွင်အတွင်း ဆူညံသံများကို ဖယ်ရှားခြင်းဖြင့် လုပ်သားများကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးကင်းရေး အတွက်သော်လည်းကောင်း၊ ထုတ်ကုန်အရည်အသွေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရန်အတွက်သော်လည်းကောင်း များစွာအကျိုးရှိမည် ဖြစ်သည်။ ထိုနည်းတူ လုပ်ငန်းခွင်တွင် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များ၊ လုပ်ငန်းခွင်ကြောင့်ရရှိနိုင်သည့် ရောဂါများ၏ အခြေခံသဘောတရားကို သိရှိနားလည်ကာ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်တစ်ရပ် ဖြစ်ပေါ်လာမည်ဖြစ်သည်။ ။

**ဆူညံသံများကြောင့် အကြားအာရုံချို့တဲ့မှုသည် လုပ်ငန်းခွင်များတွင် ဂရုမပြုမိဘဲ ဖြစ်လေ့ဖြစ်ထရှိသော လုပ်ငန်းခွင်ရောဂါတစ်မျိုးဖြစ်သည်။ ဆူညံသံများ၏ အနိမ့်အမြင့်အရ အချိန်တိုအတွင်းနားလေးခြင်း၊ နှစ်အတော်ကြာမှ နားလေးခြင်းများ ဖြစ်ပေါ်နိုင်သည်။ နားလေးခြင်းနှင့် အကြားအာရုံချို့တဲ့မှု ခံစားရပါက အလုပ်အကိုင်အခွင့်အလမ်း မရခြင်း၊ လုပ်သားများဆုံးရှုံးခြင်း၊ ထိုပုဂ္ဂိုလ်၏ ဆက်နွယ်မှုရှိသူများအားလုံး စားဝတ်နေရေး ခက်ခဲခြင်းများ ဖြစ်ပေါ်နိုင်သည်။ လုပ်ငန်းခွင်အတွင်း 75 dBA မှ 80 dBA အတွင်း အသံကျယ်လောင်မှုသည် မည်သည့်ပြဿနာမျှ မဖြစ်သော်လည်း 85 dBA မှ 90dBA အထိ ရောက်ရှိလာပါက အကြားအာရုံ စတင်ပျက်စီးစေသည်။**













# မြန်မာဗျည်း (၃)



**မောင်ခင်မင်(ဓနုဖြူ)**

"တစ်ခုမေးပါရစေ ဆရာ"

"မေးဗျာ"

"ဝဂ်အက္ခရာတွေဖြစ်ပေါ်တဲ့ဌာန်ငါးပါးကို ဆရာရှင်းပြလို့သိပါပြီ။ ဝဂ်ထဲမှာမပါတဲ့ ယရလဝသဟဠအ ဆိုတဲ့ အဝဂ်အက္ခရာတွေ ဘယ်ဌာန်တွေမှာဖြစ်ပါသလဲဆရာ"

"ဆန္ဒမစောနဲ့လေ၊ အခုရှင်းပြမလို့ပါ၊ ဖြည်းဖြည်းပေါ့ကွယ်။ အဲဒီအက္ခရာတွေထဲက 'အ' ကတော့အသံအရ သရဖြစ်နေလို့သရအကြောင်းကျမှ ပြောကြတာပေါ့။'ယ'က'ဠ'အထိ ဗျည်းတွေလည်း အဲဒီဌာန်တွေမှာပဲ ဖြစ်ပါတယ်"

"ဟုတ်ကဲ့ပါ"

"အစဉ်အတိုင်းပဲ ပြောပါ့မယ်။ 'ယ' က စဝဂ်နဲ့ဌာန်တူတယ်။ အာစောက်မှာဖြစ်တယ်။ 'ရ' နဲ့ 'ဠ' က ဋဝဂ်နဲ့ဌာန်တူတယ်။ လျှာထိပ်မှာ ဖြစ်တယ်။ 'လ'နဲ့ 'သ' ကတဝဂ်နဲ့ဌာန်တူတယ်ပေါ့။ သွားမှာဖြစ်တယ်။ 'ဝ' က ပဝဂ်နဲ့ ဌာန်တူတယ်၊ နှုတ်ခမ်းမှာဖြစ်တယ်။ 'ဟ'ကတော့ ကဝဂ်နဲ့ဌာန်တူတယ်၊ လည်ချောင်းမှာဖြစ်တယ်"

"မှတ်မိအောင်တော့ မှတ်ထားရမှာပေါ့နော် ဆရာ"

"အေးပေါ့။ လက်တွေ့အသံထွက်ပြီးဆိုကြည့်ရင် သိနိုင်ပါတယ်။ မှတ်ရလွယ်အောင် ဆရာပြောပြမယ်။ အရင်အပတ်ကပြောတဲ့ ဌာန်ငါးပါးကို အစဉ်အတိုင်းဆိုကြည့်စမ်းပါ"

"လည်ချောင်း၊ အာစောက်၊ လျှာထိပ်၊ သွား၊ နှုတ်ခမ်းပါ ဆရာ"

"အဲဒီအစဉ်က အာခေါင်ရဲ့နောက်ဆုံးအပိုင်းဖြစ်တဲ့ အာစောက်ကနေပြီး ရှေ့ဆုံးအပိုင်းဖြစ်တဲ့ နှုတ်ခမ်းအထိ အစဉ်အတိုင်းနောက်ကနေ ရှေ့ကို စီစဉ်ထားတာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒါကိုသတိထားမိရင် အစီအစဉ်အတိုင်း မှတ်မိသွားမှာပဲလေ။ ကျက်ထားစရာမလိုပါဘူး။ ဒီတော့ 'ဟ၊ ယ၊ ရနဲ့ ဠ၊ လနဲ့သ၊ ဝ' ဆိုတဲ့ အက္ခရာစဉ်ကိုသာ ကျက်ထားလိုက်။ အဲဒီအစီအစဉ်က ဌာန်ငါးပါးအစီအစဉ်အတိုင်းပဲလေ။ အစဉ်အတိုင်းတွဲဆိုကြည့်။ ဟက လည်ချောင်း၊ ယက အာစောက်၊ ရနဲ့ဠက လျှာထိပ်၊ လနဲ့သက သွား၊ ဝ ကနှုတ်ခမ်းဆိုပြီး မှတ်မိသွားလိမ့်မယ်"

"နားလည်ပါပြီဆရာ"

"ဌာန်ကရိုဏ်းကျတယ်ဆိုတဲ့ စကားက အသုံးတွင်နေတော့ ဌာန်အကြောင်းပြီးရင် ကရိုဏ်းအကြောင်းပြောဖို့လိုတာပေါ့။ ကရိုဏ်းဆိုတာ ကရဏဆိုတဲ့ပါဠိစကားကလာတာ။ အဓိပ္ပာယ်က 'အကြောင်း'တဲ့။ အကြောင်းတရားပေါ့။ အကြောင်းရင်းလို့ပြောရင်လည်း ရပါတယ်။ အဲဒီအက္ခရာအသံတွေဖြစ်လာရတဲ့ အကြောင်းတရားကို ကရိုဏ်းလို့ခေါ်တာပါ"

"ဘယ်အကြောင်းတွေပါလဲ ဆရာ"

"ပါးစပ်ထဲမှာ အဲဒီအသံတွေထွက်လာအောင် လှုပ်ရှားရတဲ့ လျှာက ပဓာန အကြောင်းတရားပဲကွဲ့"

"ဟုတ်ကဲ့ပါ"

"အဲဒီလျှာကို သုံးပိုင်းခွဲပြထားတယ်။ လျှာလယ်ရယ်၊ လျှာဖျားရဲ့အနီးအနားရယ်၊ လျှာဖျားရယ်။ ခုနပြောတဲ့ ဌာန်တွေကို အဲဒီလျှာအစိတ်အပိုင်းတွေနဲ့ ထိတွေ့လှုပ်ရှားလိုက်ရင် အသံထွက်လာတာမို့ အဲဒီလျှာအစိတ်အပိုင်းတွေဟာ အသံဖြစ်ပေါ်အောင်လုပ်တဲ့ အကြောင်းတရားတွေ၊ ကရိုဏ်းတွေပဲပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ...ဒီလိုဆိုရင် အဲဒီလျှာအစိတ်အပိုင်းတွေက ဘယ်ဌာန်တွေကို ထိတွေ့သလဲ...တဲ့။ အချုပ်ပြောရင် အာစောက်ဌာန်နဲ့ လျှာလယ် (ကရိုဏ်း) နဲ့ ထိတွေ့ရင် စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ယ ဗျည်းသံတွေဖြစ်တယ်။ လျှာထိပ်/အာထိပ်(ဌာန်) နဲ့ လျှာဖျားအနီးနဲ့ထိတွေ့ရင် ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ ရ၊ ဠ ဗျည်းသံတွေဖြစ်တယ်၊ သွား (ဌာန်) နဲ့ လျှာဖျား (ကရိုဏ်း) နဲ့ ထိတွေ့ရင် တ၊ ထ၊ ဒ၊ ဓ၊ န၊ လ၊ သ ဗျည်းသံတွေဖြစ်တယ်"

"တော်တော်ခက်တယ်နော် ဆရာ"

"သိပ်ပြီးစိတ်ရှုပ်မသွားပါနဲ့။ သဘောသိရုံလောက်ပြောတာပါ။ ဒီသဘောတရားတွေရဲ့ အရင်းခံကတော့ ပါဠိသဒ္ဒါကျမ်းတွေကလာတာပဲ။ မြန်မာစာပေတွေထဲမှာ ဒီသဘောတရားတွေ အခိုင်အမာရှိနေတာမို့ ရှေးမြန်မာစာပေတွေ လေ့လာရင် ဒါတွေကိုတွေ့ရမှာပဲလေ။ ဌာန်ကရိုဏ်းသဘောသိရုံလောက်ပါပဲ"

"ဟုတ်ကဲ့ပါ ဆရာ။ ကြိုးစားပြီးမှတ်ပါ့မယ်"

"မှတ်ရခက်တဲ့အပိုင်းပြောပြီးပြီ။ အခုပြောတဲ့အထဲမှာမပါတဲ့ ဗျည်းတွေရှိသေးတယ်မဟုတ်လား။ က၊ ခ၊ ဂ၊ ဃ၊ င၊ ဟ ဆိုတဲ့ လည်ချောင်း ဌာန်မှာ ဖြစ်တဲ့ဗျည်းတွေရယ်။ ပ၊ ဖ ၊ ဗ၊ ဘ၊ မ၊ ဝဆိုတဲ့ နှုတ်ခမ်းမှာဖြစ်တဲ့ ဗျည်းတွေရယ်။ အဲဒီဗျည်းတွေကတော့ ဌာန်နဲ့ ကရိုဏ်းနဲ့အတူတူပဲတဲ့။ ဒါကြောင့် ကရိုဏ်းကို သီးခြားမပြတော့ဘူး။ 'ပ' ဆိုပါတော့။ ဖြစ်တဲ့နေရာကလည်း နှုတ်ခမ်းပဲ၊ ဖြစ်တဲ့အကြောင်းကလည်း နှုတ်ခမ်းပဲလို့ နားလည်ရတာပေါ့။ ရှေ့ကပြောတဲ့ လျှာအစိတ်အပိုင်း သုံးခုနဲ့ ဌာန်နဲ့ ကရိုဏ်း အတူတူဖြစ်တာနဲ့ စုစုပေါင်း ကရိုဏ်းလေးမျိုးလို့ပြတယ်"

"မှတ်ထားပါ့မယ် ဆရာ"

"နောက်တစ်ခုက 'ပယတ်' လို့ခေါ်တယ်။ 'ပယတန' ဆိုတဲ့ ပါဠိစကားကလာပြီး 'အားထုတ်မှု' လို့ အဓိပ္ပာယ်ရတယ်။ ဗျည်းသံတွေ ထွက်လာအောင် အားထုတ်မှုလေးမျိုးပေါ့။ ဌာန်နဲ့ ကရိုဏ်းကို ဖွင့်တာရယ်၊ ပိတ်တာရယ်၊ နည်းနည်းထိတာရယ်၊ လုံးလုံးလျားလျား ထိတာရယ်ဆိုပြီး ပယတ်လေးမျိုးပြထားတယ်။ အကျယ်မပြောတော့ပါဘူး။ ပါဠိသဒ္ဒါကျမ်းတွေမှာ ကရိုဏ်းယူပုံ တစ်ကျမ်းနဲ့တစ်ကျမ်း ကွဲပြားတာတွေရှိတယ်လို့ ပါဠိတတ်ကျွမ်းတဲ့ပညာရှင်တွေက မိန့်ဆိုထားတာတွေရှိပါတယ်"

"ဒါဆိုရင် ဌာန် ကရိုဏ်း ပယတ်ဆိုပြီး သုံးမျိုးရှိတာပေါ့နော် ဆရာ"

"ဟုတ်တယ်။ အဲ... ဥပမာကလေးတစ်ခုမှတ်သားစရာကောင်းတယ်။ ဌာန်က စည်မျက်နှာပြင်နဲ့တူတယ်တဲ့၊ ကရိုဏ်းက စည်တီးတဲ့လက်ခတ်နဲ့တူတယ်တဲ့၊ ပယတ်ကတော့ လက်ခတ်နဲ့ စည်ကိုတီးလိုက်တာနဲ့တူတယ်တဲ့၊ အဲဒီအင်္ဂါသုံးရပ်ပေါင်းရင် စည်သံထွက်လာသလို ဌာန်၊ ကရိုဏ်း၊ ပယတ် ပေါင်းလိုက်ရင် အက္ခရာတွေလည်း အသံထွက်လာတာပဲဆိုတဲ့ ဥပမာပါ"

"မှတ်သားစရာကောင်းပါတယ်ဆရာ"

"ဆရာက မြန်မာဗျည်းအကြောင်းပြောတာမှာ မြန်မာ့ရိုးရာကျမ်းတွေထဲက ပညာရှင်တွေရဲ့ အယူအဆတွေနဲ့ ခေတ်သစ်ဘာသာဗေဒပညာရှင်တွေရဲ့ အယူအဆတွေကို ဆက်စပ်ပြီး ပြောဖို့ရည်ရွယ်တယ်။ ခုပြောတာတွေဟာ မြန်မာစာပေအစဉ်အဆက် ရှင်းလင်းဖော်ပြတဲ့ အယူအဆတွေပါပဲ"

"ဟုတ်ကဲ့ပါ"

"ကဲ... ရှေ့မှာ'နောက်တော့ရှင်းသွားလိမ့်မယ်'လို့ ဆရာပြောခဲ့တဲ့ အချက်တွေ ပြန်ကောက်ရအောင်။ ပထမပြောချင်တာက 'စ၊ ဆ၊ ဇ၊ ဈ၊ ည'ဆိုတဲ့ ဝဂ်ဗျည်းငါးလုံးဟာ အာစောက်မှာ ဖြစ်တယ်လို့ သဒ္ဒါကျမ်းတွေမှာ ဖော်ပြထားပေမယ့် လက်တွေ့ရွတ်ဆိုကြည့်တော့ သွားနောက်နားက အသံထွက်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"ဘာကြောင့် အဲဒီလိုဖြစ်နေတာလဲဆိုတဲ့ ပြဿနာကို ပညာရှင်တွေ ရှင်းပြကြပါတယ်။ အဲဒီအက္ခရာတွေရဲ့မူလအသံက 'ကျ၊ ချ၊ဂျ၊ ဃျ၊ ည'ပဲ။ 'စ၊ ဆ၊ဇ၊ ဈ၊ ည' ဆိုတာက နောက်မှ အသံပြောင်းလာတာလို့ ပညာရှင်တွေက ဖော်ထုတ်ပြကြတယ်"

"သြော်"

'ကျ၊ ချ၊ ဂျ၊ ဃျ၊ ည လို့ ဆိုကြည့်ပါလား။ ဌာန်တွေမှာ ပြထားသလို အာစောက်က အသံထွက်လာတာ သိနိုင်ပါတယ်။ ဒီအသံတွေကို နိုင်ငံတကာမှာ သုံးနေတဲ့ ပါဠိဘာသာစကားမှာ 'ကျ၊ ချ၊ ဂျ၊ ဃျ၊ ည'လို့ပဲ အသံထွက်ပါတယ်။ဒါပေမယ့် အဲဒီအသံတွေထဲက 'ကျ၊ ချ၊ဂျ' ဆိုတဲ့ ဗျည်းသံတွေဟာ မြန်မာဘာသာစကားမှာ ၁၈ ရာစု လောက်ကစပြီး 'စ၊ ဆ၊ ဇ'လို့ ပြောင်းလာတဲ့အကြောင်း ဘာသာစကားပညာရှင် တွေ သုတေသနပြုထားတာတွေရှိတယ်"

"စိတ်ဝင်စားစရာပဲနော်ဆရာ"

"ဒီတော့ ဌာန်ငါးပါးခွဲရာမှာ ကျ၊ ချ၊ ဂျ၊ ဃျ၊ ညကို အာစောက်မှာ ဖြစ်တဲ့ ဗျည်းတွေလို့ ဆိုခဲ့ကြတာ မူလကတော့ အမှန်အတိုင်းပါပဲ။ ဒါပေမယ့် 'ကျ၊ ချ၊ ဂျ' က 'စ၊ ဆ၊ ဇ 'ကို ပြောင်းသွားတဲ့အခါကျတော့ အာစောက်ဌာန်နဲ့ မကိုက်တော့ဘူးလေ။ ဒီအသံတွေက သွားရဲ့အရင်းနားက ထွက်တာကိုး"

"ဒါပေမယ့် အဲဒီဝဂ်ရဲ့ဗျည်းတွေကို အာစောက်ဌာန်လို့ ပါဠိသဒ္ဒါကျမ်းတွေမှာ ပြထားတာဟာ အဲဒီအသံတွေကို မူလတုန်းက စ၊ ဆ၊ ဇ၊ ဈ၊ ည လို့ အသံမထွက်ဘဲ ကျ၊ ချ၊ ဂျ၊ ဃျ၊ ည လို့အသံထွက်ကြောင်း အထင်အရှား သက်သေပြနေတာမဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"မေးရဦးမယ်၊ အဲဒီ 'စ၊ ဆ၊ ဇ' အက္ခရာတွေကို ရောမအက္ခရာနဲ့ ပြန်ရေးတဲ့ အက္ခရာ အရေးဖလှယ်တာ (trausliteration)ပေါ့။ သင်ဖူးကြသလားမသိဘူး"

"ကျွန်တော် သင်ဖူးပါတယ်ဆရာ။ ဟုတ်ပါတယ်။ စ၊ ဆ၊ ဇ ကို c , ch, j လို့ ဖလှယ်ရပါတယ်ဆရာ"

"ဟုတ်တယ်။ အသံကို ဖလှယ်တာမဟုတ်ဘူးနော်။ အက္ခရာကို ဖလှယ်တာမှာ အဲဒီလိုဖလှယ်ရတာကိုကြည့်ရင် ' စ၊ ဆ၊ ဇ' ဟာ ' ကျ၊ ချ၊ ဂျ 'က အသံပြောင်းလာတာဆိုတာ သက်သေတစ်ခုအဖြစ်တွေ့နိုင်ပါတယ်"

"ရှေ့မှာပြောခဲ့တဲ့ ဃောသ၊ အဃောသ၊ သိထိလ၊ ဓနိတ ဆိုတဲ့ ခွဲခြားပုံတွေက ပိဋကတ်တော်တွေကို ရေးသားတဲ့ ပါဠိအက္ခရာတွေ ခွဲပုံခွဲနည်းအတိုင်း ခွဲပြခဲ့တာပါ။ မြန်မာဗျည်းသက်သက်အနေနဲ့ ခွဲရင်တော့ ပါဠိဗျည်းတွေခွဲပုံနဲ့ ထပ်တူထပ်မျှ မတူဘဲ ကွဲပြားတာတွေ တွေ့ရပါလိမ့်မယ်။ အဲဒါဆက်ပြောပြီးရင်တော့ 'နောက်တော့ရှင်းသွားပါလိမ့်မယ်' လို့ဆရာပြောခဲ့တာကို သားတို့ သမီးတို့ အဓိပ္ပာယ်ပေါက်သွားမှာပါ"

"ကျေးဇူးတင်ပါတယ်ဆရာ"

**မှတ်ရခက်တဲ့အပိုင်း ပြောပြီးပြီ။ အခုပြောတဲ့အထဲမှာ မပါတဲ့ ဗျည်းတွေရှိသေးတယ်မဟုတ်လား။ က၊ ခ၊ ဂ၊ ဃ၊ င၊ ဟဆိုတဲ့ လည်ချောင်း ဌာန်မှာ ဖြစ်တဲ့ဗျည်းတွေရယ်။ ပ၊ ဖ ၊ ဗ၊ ဘ၊ မ၊ ဝဆိုတဲ့ နှုတ်ခမ်းမှာဖြစ်တဲ့ ဗျည်းတွေရယ်၊ အဲဒီဗျည်းတွေကတော့ ဌာန်နဲ့ ကရိုဏ်းနဲ့အတူတူပဲတဲ့။ ဒါကြောင့် ကရိုဏ်းကို သီးခြားမပြတော့ဘူး။**

# ကြက်ဥ တစ်နေ့တစ်လုံး မှန်မှန်သုံး လေဖြတ်ရောဂါကာကွယ်မယ်တစ်သက်လုံး

**တင်လင်းအောင်**

တစ်နေ့လျှင် ကြက်ဥတစ်လုံးစားခြင်းသည် လေဖြတ်မှုဖြစ်ပွားနိုင်ခြေကို ၁၂ ရာခိုင်နှုန်းအထိ လျှော့ချပေးကြောင်း အမေရိကန်ဥအမျိုးမျိုးလေ့လာရေးအဖွဲ့က ဘဏ္ဍာငွေထောက်ပံ့ပေးထားသော လေ့လာမှုသစ်တစ်ရပ်တွင် ဖော်ပြထားသည်။ ရှာဖွေတွေ့ရှိမှုများသည် ၁၉၈၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကြား စနစ်တကျလေ့လာမှုများအပေါ် အခြေခံထားခြင်းဖြစ်သည်။ ယင်းရှာဖွေတွေ့ရှိမှုများတွင် ကြက်ဥစားသုံးခြင်းနှင့် နှလုံးသွေးလွှတ်ကြောယိုယွင်း၍ဖြစ်သောရောဂါ ၂၇၆၀၀၀ ခုနှင့် လေဖြတ်ရောဂါ ၃၀၈၀၀၀ ခုတို့နှင့်သက်ဆိုင်မှုရှိကြောင်း သိရသည်။

ကြက်ဥကို တစ်နေ့လျှင်တစ်လုံးခန့်စားသုံးပေးခြင်းဖြင့် နှလုံးသွေးလွှတ်ကြောယိုယွင်း၍ဖြစ်သောရောဂါနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော်လည်း လေဖြတ်မှုဖြစ်ပွားနိုင်ခြေကို ၁၂ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။

အမေရိကန်အက်ပစ်စတက်တ်အင်စတီကျူမှ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဒိုမီနစ်ခ်အလက်ဇန္ဒာက လေဖြတ်ခြင်းနှင့် ကြက်ဥစားသုံးခြင်းကြား ပိုမိုတိကျသော လေ့လာမှုများထပ်မံလိုအပ်ကြောင်း ပြောခဲ့သည်။

ကြက်ဥတွင် ကောင်းကျိုးဖြစ်စေသော အာဟာရဓာတ်များစွာမပါဝင်သော်လည်း ဆန့်ကျင်ဓာတ်တိုးပစ္စည်းများ ပါဝင်ကာ ယင်းဆန့်ကျင်ဓာတ်တိုးပစ္စည်းများက စိုးရိမ်ပူပန်မှုများနှင့် ရောင်ရမ်းမှုများကိုလျှော့ချပေးကြောင်း အမေရိကန် အက်ပစ်စတက်တ်အင်စတီကျူမှ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဒိုမီနစ်ခ်အလက်ဇန္ဒာက ပြောခဲ့သည်။

ထို့အပြင် ကြက်ဥများတွင် ပရိုတိန်းဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် သွေးဖိအားကိုလည်း လျော့ကျစေကြောင်း ၄င်းက ပြောကြားခဲ့သည်။

ကြက်ဥကြီးကြီးတစ်လုံးတွင် ကောင်းမွန်သော ပရိုတိန်းဓာတ် ၆ ဂရမ်ပါဝင်ပြီး ကြက်ဥအနှစ်ထဲတွင် ဆန့်ကျင်ဓာတ်တိုးပစ္စည်းများဖြစ်သည့် လူတိန်းနှင့် ဇီယာဇန်တင်းတို့ပါရှိရုံတင်မက သက်စောင့်ဓာတ်များဖြစ်သည့် ဗီတာမင် အီး၊ ဒီ၊ အေတို့လည်း ပါဝင်ကြောင်း ယင်းလေ့လာမှုအရ သိရသည်။



အဆိုပါလေ့လာတွေ့ရှိမှုက ၂၀၁၅ အမေရိကန်ပြည်သူများအတွက် မျှတသောအာဟာရသုံးဆောင်ရေးညွှန်ကြားချက်များကိုပြောင်းလဲမှုများ ဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၅ အမေရိကန်ပြည်သူများအတွက် မျှတသော အာဟာရသုံးဆောင်ရေးညွှန်ကြားချက်များတွင် ကိုလက်စထရောကို လျှော့ချရန်ပါဝင်ရာ အကယ်၍ ကြက်ဥပုံမှန်စားသုံးပါက ပရိုတိန်းဓာတ်များတိုးလာမည်ဖြစ်ပြီး ကိုလက်စထရောများမြင့်တက်လာနိုင်ခြေရှိကြောင်း သိရသည်။

မြန် မာ့ ရိုး ရာ အား က စား

# နှစ်သစ်နှင့်အတူ တစ်မူထူးခြားစွာကျင်းပမယ့် မြန်မာ့ရိုးရာလက်ဝှေ့ ဆဋ္ဌဂံ (ခြောက်ထောင့်)ကြိုးဝိုင်း စိန်ခေါ်ပွဲများ

တွေ့ဆုံမေးမြန်း - မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်

## (မြန်မာ့ရိုးရာလက်ခမောင်းအဖွဲ့ ဦးဆောင်တည်ထောင်သူ ကိုဇေသီဟနှင့် တွေ့ဆုံမေးမြန်းခြင်း)



ကိုဇေသီဟ

*မြန်မာတို့၏ ရိုးရာအားကစားအမွေတစ်မျိုးဖြစ်သော လက်ဝှေ့သည် ယခုအခါ ပြည်တွင်းပြည်ပတွင် အတော်အသင့် လူသိများလာပြီဖြစ်သည်။ မျိုးဆက်သစ်ပွဲများ၊ စိန်ခေါ်ပွဲများ၊ နိုင်ငံတကာ စိန်ခေါ်ပွဲများကို ပြည်တွင်းပြည်ပတွင် အဆက်မပြတ် ကျင်းပနိုင်ခဲ့သလို ကူညီထောက်ပံ့ပေးမှုအပိုင်းမှာလည်း ယခင်နှင့်စာလျှင် လုပ်ငန်းရှင်များ အထိုက်အလျောက် ဝင်ရောက်လာသည်ကို တွေ့မြင်နေရသည်။ ယင်းအချက်မှာ အားကစားတစ်ခု၏ တိုးတက်ရာတိုးတက်ကြောင်း လမ်းစပင်ဖြစ်ပေမည်။ သို့သော် အမြင်မတူ၊ သဘောထားကွဲလွဲမှုများလည်း ရှိလာမည်မှာ အမှန်ပင်။ အမြင်မတူညီသည်များကို ချန်ထားကာ တူညီမှုများကို ဝိုင်းဝန်းလုပ်ဆောင်လျှင် ပန်းတိုင်တစ်ခုရောက်မည်မှာ အနေးနှင့်အမြန်ပင်။ ဦးတည်ရာလမ်းကြောင်း ပန်းတိုင်မှာ မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာသို့ ထိုးဖောက်နိုင်ရန်ပင်ဖြစ်သည်။*

လတ်တလော ရိုးရာလက်ဝှေ့လောကတစ်ခွင်သို့များ မကြာမီက စတင်ခြေချ ဝင်ရောက်လာခဲ့သည့် မြန်မာ့ရိုးရာလက်ခမောင်းအဖွဲ့ ထင်ပေါ်လာသည်ကို သတိထားမိသည်။ အကြောင်းမှာ ရိုးရာလက်ဝှေ့အပေါ် မတူညီသည့်အမြင်များဖြင့် ဝင်ရောက်လာသည်ဟု တချို့က ဆိုကြသည်။ လက်ခံကြသည်။ ဆန့်ကျင်ကြသည်။ အမြင်ချင်းမတူ။ သို့သော် ရည်ရွယ်ချက်ပန်းတိုင်မှာ ယခင်လားရာနှင့်တူသည်။ ရိုးရာလက်ဝှေ့ကို ကမ္ဘာသို့ ထိုးဖောက်နိုင်ရန်ပင်။ သို့သော် မတူကွဲပြားတာကတော့ မြန်မာနိုင်ငံတွင် တစ်ကြိမ်တစ်ခါမျှ ကျင်းပခဲ့ဖူးခြင်းမရှိသေးသည့် ဆဋ္ဌဂံ(ခြောက်ထောင့်) ရိုးရာ ကြိုးဝိုင်းလက်ဝှေ့ပြိုင်ပွဲကို ကနဦး စတင်ကျင်းပရန် စီစဉ်ခြင်းပင်။ ကောင်းသည်၊ ဆိုးသည် ဝေဖန်ကြသည်။ သို့သော် လားရာက အတူတူပင်။ သို့မို့ကြောင့် လာမယ့် ၂၀၁၇ နှစ်ဆန်းပိုင်းတွင် အများနှင့်မတူ တစ်မူထူးခြားကာ ဆဋ္ဌဂံခြောက်ထောင့်ကြိုးဝိုင်း စိန်ခေါ်ပွဲများ ကနဦးပုံဖော် ကျင်းပမည့် မြန်မာ့ရိုးရာလက်ခမောင်းအဖွဲ့ကို ဦးဆောင်တည်ထောင်သူ ကိုဇေသီဟအား မြန်မာ့အလင်း သတင်းအဖွဲ့ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။

မေး။ အခုနောက်ပိုင်း ရိုးရာလက်ဝှေ့ အားကစားလောကထဲကို အစ်ကိုတို့လို စီးပွားရေးလုပ်ငန်းရှင်တွေ ဝင်ရောက်လာတာ တွေ့ရတယ်။ အစ်ကို့အနေနဲ့ရော ဘယ်လိုစိတ်ကူးမျိုးနဲ့ ဝင်ရောက်လာဖြစ်တယ်ဆိုတာ သိပါရစေ။

ဖြေ။ အားကစားတစ်ခုကို အဆင့်တန်းမီဖြစ်လာဖို့ အဓိကလိုအပ်ချက်က စီးပွားရေးလုပ်ငန်းရှင်တွေ ပူးပေါင်းပါဝင်မှုပဲ။ စီးပွားရေးလုပ်ငန်းရှင်တွေ ပူးပေါင်းပါဝင်မှ အားကစားက တိုးတက်မှာဖြစ်တယ်။ ဘောလုံးမှာဆိုလည်း ဦးဇော်ဇော်တို့ရှိလို့ ဘာပဲပြောပြော အထိုက်အလျောက် တိုးတက်လာတယ်။ အခြားအားကစားတွေမှာလဲ စီးပွားရေးလုပ်ငန်းရှင်တွေပါတယ်။ ဒါကြောင့် တိုးတက်တယ်၊ အောင်မြင်တယ်။ တချို့ဆို အိုလံပစ်ပြိုင်ပွဲတွေအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့တယ်။ ကျွန်တော့်အနေနဲ့ ဒီရိုးရာလက်ဝှေ့ကို လုပ်ပေးနိုင်တဲ့ အတိုင်းအတာတစ်ခုကို စဉ်းစားတဲ့အခါမှာ အဆင့်မြင့်မြင့် လုပ်ပေးချင်တဲ့ဆန္ဒ ပြင်းပြလာတယ်။ အဲဒါကြောင့် ဒီရိုးရာလက်ဝှေ့လောကထဲကို ခြေချဝင်ရောက်လာတဲ့သဘောပါ။

မေး။ အစ်ကို့အနေနဲ့ ရိုးရာလက်ဝှေ့နဲ့ပတ်သက်ပြီး ခုဆိုရင် ရိုးရာလက်ခမောင်းအဖွဲ့ကို ဖွဲ့စည်းထားတယ်လို့ သိရတယ်။ ရိုးရာလက်ခမောင်းအဖွဲ့ကိုရော ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ဖွဲ့စည်းဖြစ်ခဲ့တာလဲခင်ဗျ။

ဖြေ။ ရိုးရာလက်ဝှေ့မှာ တခြားအားကစားတွေနဲ့မတူတာက လိုအပ်ချက်တွေ ပိုများတယ်။ ဒါကိုအဆင့်အတန်းမီမီ ပြုပြင်ပြောင်းလဲတဲ့အခါမှာ အပေါ်ယံကြောမစဉ်းစားဘဲ အတွင်းကျကျ လိုအပ်တဲ့အချက်တွေကိုလေ့လာပြီး လုပ်တဲ့အခါမှာ ရိုးရာလက်ဝှေ့နဲ့ပတ်သက်တဲ့ သတင်းအဖွဲ့တွေ လိုအပ်လာတယ်။ ထားရမယ်ဆိုတာ သိလာတယ်။ ပြီးတော့ Reserve နဲ့ Development အဖွဲ့တွေ ထားရမယ်။ Data စုဆောင်းရေးအဖွဲ့တွေ ထားမယ်။ ဒါကြောင့် အဲဒီထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ဗီဒီယိုနဲ့ မှတ်တမ်းတင်တဲ့အဖွဲ့တွေကိုပါ စတင်ဖွဲ့စည်းလုပ်ခဲ့တာပါ။ အဓိကကတော့ မှတ်တမ်းတင်တယ်ဆိုတာ ရိုးရာလက်ဝှေ့နဲ့ပတ်သက်တဲ့ Data တွေ မပျောက်ပျက်အောင် စုစည်းတဲ့သဘောမျိုးပါ။

မေး။ ခုကျင်းပနေတဲ့ လေးထောင့် ရိုးရာကြိုးဝိုင်းကနေ အစ်ကို ကျင်းပမယ့်ပွဲတွေမှာ ဆဋ္ဌဂံ(ခြောက်ထောင့်) ကြိုးဝိုင်း အသွင်ပြောင်းလဲကျင်းပမယ်လို့ သိရတယ်။ ဘယ်လိုစိတ်ကူးမျိုးနဲ့ ပြောင်းဖြစ်တယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။

ဖြေ။ ရိုးရာလက်ဝှေ့ကို ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားစွာရှိနေဖို့က ပြောင်းလဲလို့ရတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေရှိသလို၊ ပြောင်းလဲလို့မရတဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ နှစ်ပိုင်းခွဲ စဉ်းစားရတာပေါ့။ ပြောင်းလဲလို့မရတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေဆိုတာကတော့ သတ်ကိုးသတ်၊ မောင်းကိုးမောင်း အဲဒါတွေတော့ ပြောင်းလဲလို့မရဘူး။ ခြောက်ထောင့်ကြိုးဝိုင်းဆိုတာကတော့ ရိုးရာလက်ဝှေ့မှာ ဟိုယခင်ကတည်းကရှိတဲ့ မြေစိုက်ကြိုးဝိုင်း စတင်လာတဲ့ကြိုးဝိုင်းကို ကမ္ဘာ့အလယ်ကိုချပြတဲ့အခါမှာ လေးထောင့်ကြိုးဝိုင်းကြီးက သိပ်အဆင်ပြေတဲ့ပုံစံမျိုး မတွေ့ရဘူး။ ယခင်လက်ဝှေ့ဆရာကြီးကျားဘညိမ်းတို့လက်ထက်က ပြောင်းလဲလာခဲ့တဲ့ လေးထောင့်ကြိုးဝိုင်းဟာ ဒီနေ့ဒီရက်မှာ အခက်အခဲအနည်းငယ်ရှိတယ်။ နောက်တစ်ခုက မြန်မာ့ကိုယ်ပိုင်ဟန်လည်း မဟုတ်ဘူး။ ဒါတွေကိုလေ့လာပြီးတော့ ခြောက်ထောင့်ကို ပြင်ဖို့လုပ်တဲ့သဘောမျိုးပါ။ ဒါကြောင့် ကျွန်တော်တို့ ရိုးရာလက်ခမောင်းက လုပ်တဲ့ပွဲတိုင်းကို ခြောက်ထောင့်လုပ်ဖို့ပြင်ဆင်ခဲ့တာပါ။ ကြိုးဝိုင်းပြောင်းတာပဲ ရှိတယ်။ ဥပဒေပိုင်းဆိုင်ရာကတော့ နဂိုရှိရင်းစွဲအတိုင်းပါပဲ။

ဘာနဲ့ထိန်းမလဲ။ သူတို့ကို ထောက်ပံ့မှုတွေပေးမယ်။ လုံလောက်တဲ့ငွေကြေးတွေ ထုတ်ပေးပြီးတော့ သူတို့ကို ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ထုတ်ပြန်ထားတဲ့စည်းကမ်းတွေကို လိုက်နာရမယ်။ ပြောရရင် လိုက်နာမှုမရှိသေးတဲ့ စည်းကမ်းတွေ၊ ၂၁ ရက်ခြားရမယ်ဆိုတဲ့စည်းကမ်းချက်ကို လိုက်နာအောင် ငွေကြေးထောက်ပံ့ပြီးတော့ ဝင်ထိန်းတဲ့သဘောပါ။ တခြားဘာရည်ရွယ်ချက်မှ မရှိပါဘူး။ ခုလောလောဆယ် ထွန်းထွန်းမင်း၊ တူးတူး၊ စိုးလင်းဦး၊ သွေးသစ်ဝင်းလှိုင်နဲ့ ရဲတံခွန်တို့ကို တစ်နှစ်စာချုပ် ချုပ်ဆိုထားပါတယ်။ သူတို့ကိုအခြေခံပြီးတော့ လာမယ့် ၂၀၁၇ ခုနှစ်မှာ ပြည်တွင်းပြည်ပစိန်ခေါ်ပွဲ ကိုးပွဲတိတိကို ရန်ကုန်မြို့မှာပဲ ကျင်းပသွားဖို့ စီစဉ်ထားပါတယ်။

မေး။ အစ်ကို တည်ထောင်ထားတဲ့ ရိုးရာလက်ခမောင်း အနေနဲ့ လာမယ့် ၂၀၁၇ မှာ ပွဲပေါင်း ဘယ်နှပွဲလောက် ကျင်းပဖြစ်မလဲခင်ဗျ။

ဖြေ။ ကျွန်တော် ၂၀၁၇ ခုနှစ်မှာ ပြည်တွင်းပွဲကိုးပွဲ စီစဉ်



မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ထိုးသတ်နေစဉ်

မေး။ ရိုးရာလက်ခမောင်းအနေနဲ့ ပြည်တွင်းနာမည်ကြီး လက်ဝှေ့သမားတွေကို နှစ်ပြတ်ချုပ်ဆိုထားတယ်လို့ သိရတယ်။ လတ်တလော ဘယ်နှဦးချုပ်ဆိုထားပြီးပြီလဲခင်ဗျ။

ဖြေ။ ချုပ်ဆိုဖြစ်တဲ့ရည်ရွယ်ချက်ကတော့ ရိုးရာလက်ဝှေ့ကစားသမားတွေကို ထိန်းချုပ်ဖို့ဆိုတဲ့ အနေအထားမှာ သူတို့အနေနဲ့ ပွဲတွေများများထိုးရင် ပိုက်ဆံများများရတယ်ဆိုတဲ့ အတွေးအမြင်တွေရှိတယ်။ နောက်တစ်ခုက တစ်ပွဲနဲ့တစ်ပွဲ ကပ်နေတယ်။ ၁၀ ရက်နဲ့ထိုးတာ၊ နှစ်ပတ်နဲ့ထိုးတာတွေ ရှိတယ်။ တစ်ခါတလေ လေးငါးခြောက်ရက်နဲ့ ထပ်ထိုးနေတာတွေလည်း ရှိတယ်။ အဲဒါမျိုးမဖြစ်ရအောင် ထိန်းချုပ်တဲ့ အနေအထားမှာ အဖွဲ့ချုပ်အနေနဲ့ အောင်မြင်မှုမရှိတာမျိုးတွေ ရှိတယ်။ ဘာသွားတွေ့လဲဆိုရင် ကျွန်တော်ဝင်ထိန်းမယ်ဆိုရင်

ကျင်းပသွားမှာပါ။ ပြည်ပပွဲကိုတော့ မစဉ်းစားထားသေးပါဘူး။ ပြည်တွင်းမှာ ကျင်းပမယ်ဆိုပေမယ့် နိုင်ငံတကာက လက်ဝှေ့သမားတွေကိုရော ခေါ်ယူကျင်းပသွားမှာပါ။ ရန်ကုန် သုဝဏ္ဏ (မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ)မှာ ကျင်းပဖို့ များပါတယ်။ ရုံဝင်ကြေးကိုတော့ သုံးသိန်း၊ နှစ်သိန်း၊ တစ်သိန်း၊ ငါးသောင်း၊ တစ်သောင်းပွဲပေါ်မူတည်ပြီး ကောက်ခံသွားဖို့ရှိပါတယ်။ ကျွန်တော် ခုစာချုပ်ချုပ်ဆိုထားတဲ့ လက်ဝှေ့သမားတွေထဲမှာ ချန်ပီယံလုပွဲအဖြစ်ထိုးမယ့် ထွန်းထွန်းမင်းနဲ့ တူးတူးကိုတော့ သူတို့ ဆန္ဒရှိမှပဲ ပေးထိုးခိုင်းမှာပါ။ အဲဒီချန်ပီယံလုပွဲကတော့ သူတို့ နှစ်ယောက်ဆန္ဒက အရေးကြီးပါတယ်။ ကျွန်တော်ကျင်းပပေးမယ့် ကိုးပွဲထဲမှာတော့ သူတို့နှစ်ယောက် ချန်ပီယံလုတဲ့ပွဲရယ်လို့ စီစဉ်ထားတာမရှိပါဘူး။ ဒါပေမယ့် ကျွန်တော်ကျင်းပမယ့် ရက်နဲ့လည်း မထပ်ဘူး။ အဖွဲ့ချုပ်သတ်မှတ်ထားတဲ့ ၂၁ ရက်လည်း ကျော်လွန်တယ်။ ပွဲစီစဉ်သူလည်း ရှိတယ်ဆိုရင်တော့ သူတို့ချန်ပီယံလုပွဲကို ကျွန်တော်စာချုပ်ချုပ်ဆိုထားတယ်ဆိုပေမယ့်လည်း ပေးထိုးဖို့ ခွင့်ပြုသွားမှာပါ။

မေး။ ရိုးရာလက်ဝှေ့ရဲ့လတ်တလောအခြေအနေကို အစ်ကို ဘယ်လိုမြင်ပါသလဲ။ နိုင်ငံတကာကိုထိုးဖောက်ဖို့ဆို ဘယ်လိုအကြောင်းအရာတွေ ပြင်ဆင်ဖို့ အဓိကလိုအပ်ပါသလဲ။

ဖြေ။ ကျွန်တော့်အမြင်ပြောရရင် ရိုးရာလက်ဝှေ့ကို ပြည်ပထိုးဖောက်ဖို့ဆိုတာ အချိန်ယူရဦးမယ်လို့မြင်တယ်။ နှစ်နည်းနည်း စောနေသေးတယ်။ တစ်နှစ်၊ နှစ်နှစ်လောက်စောင့်ပြီး ပြင်ဆင်ထိုးဖောက်ဖို့ လိုမယ်။ ကျွန်တော် အခုစာချုပ်ထဲမှာ ထွန်းထွန်းမင်းတို့၊ တူးတူးတို့လည်း ပါတယ်ဆိုပေမယ့် အဓိက ပရိသတ်စိတ်ဝင်စားမှု နည်းသွားမှာစိုးလို့ ချုပ်လိုက်တာဖြစ်တယ်။ ရည်ရွယ်တာကတော့ မျိုးဆက်သစ်များများပေါ်ထွန်းဖို့ ရည်ရွယ်တာပါ။ ဒါကြောင့် ကျွန်တော်စီစဉ်ကျင်းပတဲ့ပွဲတိုင်းကို မျိုးဆက်သစ်တော်တော်များများ ထည့်သွားမှာပါ။ ရိုးရာလက်ဝှေ့ လတ်တလောအခြေအနေက မျိုးဆက်သစ်ပျောက်ဆုံးနေတယ်။ ပြီးတော့ နည်းစနစ်ပိုင်းဆိုင်ရာလည်း ပျောက်ဆုံးနေတယ်။ အဲဒါတွေကို မပြင်ဆင်ဘူး၊ မပြောင်းလဲဘူးဆိုရင် နှစ်အနည်းငယ်အတွင်း တိမ်မြုပ်သွားနိုင်တယ်။ ပြီးတော့ ရိုးရာလက်ဝှေ့အပေါ် ပရိသတ်စိတ်ဝင်စားမှု လျော့နည်းလာတာက သရေဆိုတဲ့ရလဒ်ပဲ။ အရှုံး/အနိုင်မပေါ်ဘဲ သရေထိုးသွားတဲ့ပွဲတွေ များလာတော့ တချို့ပရိသတ်တွေက အထင်လွဲလာတာတွေ ရှိတယ်။ ဒါကြောင့် ကျွန်တော်ကျင်းပတဲ့ပွဲတွေမှာ ပရိသတ်တွေစိတ်ဝင်စားတဲ့ အရှုံး/အနိုင်ပေါ်ဖို့ကိုပဲ အလေးထား ကျင်းပသွားမှာဖြစ်တယ်။

**“ကျွန်တော်စီစဉ်ကျင်းပတဲ့ ပွဲတိုင်းကို မျိုးဆက်သစ်တော်တော်များများ ထည့်သွားမှာပါ။ ရိုးရာလက်ဝှေ့ လတ်တလောအခြေအနေက မျိုးဆက်သစ်ပျောက်ဆုံးနေတယ်။ ပြီးတော့ နည်းစနစ်ပိုင်းဆိုင်ရာလည်း ပျောက်ဆုံးနေတယ်။ အဲဒါတွေကို မပြင်ဆင်ဘူး၊ မပြောင်းလဲဘူးဆိုရင် နှစ်အနည်းငယ်အတွင်း တိမ်မြုပ်သွားနိုင်တယ်။ ပြီးတော့ ရိုးရာလက်ဝှေ့အပေါ် ပရိသတ်စိတ်ဝင်စားမှုလျော့နည်းလာတာက သရေပွဲဆိုတဲ့ရလဒ်ပဲ”**

ရိုးရာလက်ခမောင်းအဖွဲ့အနေဖြင့် ယခုလာမည့် ၂၀၁၇ ခုနှစ်မှစတင်ကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ဖေဖော်ဝါရီ ၃ ရက်၊ မတ် ၃ရက်၊ မေ ၄ ရက်၊ ဇွန် ၆ ရက်၊ ဇူလိုင် ၇ ရက်၊ ဩဂုတ် ၁ ရက်၊ စက်တင်ဘာ ၄ ရက်စသည့်ဖြင့် တစ်နှစ်အတွင်း စုစုပေါင်း နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကိုးပွဲကို ရန်ကုန်မြို့တွင် ဆဋ္ဌဂံ(ခြောက်ထောင့်)ကြိုးဝိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ရာ ရိုးရာလက်ဝှေ့ဝါသနာရှင် ပြည်သူများအနေဖြင့် တစ်မူထူးခြားစွာ စောင့်မျှော်ကြည့်ရှုရတော့မည်ဖြစ်ပါကြောင်း။

# ကျိုက်ခေါက်စေတီတော်၌ (၃၅)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူမည်

**ရန်ကုန် နိုဝင်ဘာ ၅**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ (၃၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ သင်္ကန်းကပ်လှူပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲများကို နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၁၃ ရက် ညနေတွင် စေတီတော် ရှုခင်းသာတန်ဆောင်း၌ မသိုးသင်္ကန်းရက်ပြိုင်ပွဲကို စတင်ဖွင့်လှစ်ကျင်းပသွားမည်ဖြစ်သည်။ ထို့နောက် နိုဝင်ဘာ ၁၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၅ နာရီတွင် အာရုံခံတန်ဆောင်းများ၌ မသိုးသင်္ကန်းများ ကပ်လှူ၍ ဩဝါဒါစရိယဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းကာ မွန်းလွဲ ၁ နာရီတွင် ကြာကန်ဓမ္မဗိမာန်တော်၌ တစ်မြို့နယ်လုံးရှိ ကျောင်းတိုက် ၂၀၈ တိုက်မှ ဆရာတော်၊ သံဃာတော် ၃၀၆ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် လှူဒါန်းလိုကြသော ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကအဖွဲ့ ဖုန်း-၀၉-၇၉၆၂၇၀၈၇၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၅**
ပဉ္စမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးမှုညီလာခံကို နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ နေ့စဉ်နံနက် ၉ နာရီမှညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ယခုနှစ် ညီလာခံဆောင်ပုဒ်မှာ 'ဒီမိုကရေစီသစ်အတွက် အားလုံးပါဝင်သည့် လွတ်လပ်သောမီဒီယာ'ဟု ဖြစ်သည်။ ညီလာခံသို့ ပြည်တွင်းပြည်ပမှ မီဒီယာသမားများ၊ လူမှုအခြေပြုအဖွဲ့အစည်းများနှင့် အစိုးရဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမီဒီယာ ရှေ့သို့ဆက်လက်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် နည်းလမ်းများကို ဆွေးနွေးကြမည်ဖြစ်သည်။

ထို့ပြင် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံအစိုးရသစ်မှ တာဝန်ရှိသူများနှင့် ထိတွေ့ဆက်ဆံနိုင်မည့် အခွင့်အလမ်းကောင်းများကို ယခုညီလာခံတွင် ရရှိနိုင်မည်ဖြစ်သည်။ ယခုနှစ်ညီလာခံတွင် ကျား၊ မရေးရာနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆွေးနွေးခန်းတိုင်းတွင် ထည့်သွင်းထားရှိပြီး အစီအစဉ်တိုင်းတွင် ဦးဆောင်ဆွေးနွေးမည့် ပုဂ္ဂိုလ်များကိုလည်း အမျိုးသား၊ အမျိုးသမီး အချိုးအစားညီမျှစွာပါဝင်စေရန်အပြင် တိုင်းရင်းသားသတင်းသမားများ ပါဝင်စေရန်လည်း အထူးအလေးထားကာ ဖိတ်ကြားထားသည်။ မကြာမီကထုတ်ဝေခဲ့သော မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှုစစ်တမ်းမှ အကြံပြုချက်များကိုလည်း ယခုနှစ်ညီလာခံတွင် ထည့် သွင်းဆွေးနွေးကြရန် စီစဉ်ထားကြောင်း သိရသည်။

ပဉ္စမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာနိုင်ငံ သတင်းစာဆရာသမဂ္ဂ၊ မြန်မာသတင်းစာပညာသိပ္ပံ၊ BNI ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ UNESCO၊ USAID တို့နှင့်အတူ ပြည်တွင်းပြည်ပ သတင်းဌာနအချို့ ပူးပေါင်းစီစဉ်မှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

# ပျားရည်ကျွဲကောချိုချိုမွှေး

ပျားရည်ကျွဲကောဟု ဆိုသည်။ အလုံးများက ဒေသရင်းကျွဲကောမျိုးများကဲ့သို့ အလုံးမကြီးပေ။ ထွာဆိုင်ကျော်ကျော်မျှသာ ရှိကြသည်။ အလုံးညီသည်ဟု ဆိုရမည်ဖြစ်သည်။ယင်းကျွဲကောမျိုးများကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တာခွကျေးရွာ တာခွရေတံခါးအနီး တာခွချောင်းဝဲယာ၌ စိုက်ပျိုးထားခြင်းဖြစ်သည်။ စိုက်ပျိုးထားသည့်ခြံအမည်မှာ 'ဘဝမြှင့်ပေးဝင်းစိုက်ပျိုးရေးခြံ'ဟု အမည်ပေးထားသည်။ ၁၅ ဧကမျှ ကျယ်ဝန်းသော ခြံဝင်းထဲတွင် ပျားရည်ကျွဲကောမျိုးများနှင့် သုံးရောင်ခြယ်မာလကာပင်များကို အများဆုံးစိုက်ပျိုးထားသည်။

ကျွဲကောအစုအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းရွှေက "ဒီပျားရည်ကျွဲကောမျိုးကို ၂၀၀၄ ခုနှစ်မှာ ထိုင်းနိုင်ငံက ယူခဲ့တာပါ။ ၂၀၀၉ ခုနှစ်မှာ ဈေးကွက်ထဲကိုရောက်တယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ စင်ကာပူနိုင်ငံကို စမ်းသပ်တင်တယ်။ သူတို့နိုင်ငံက အလွန်ကြိုက်တယ်။ တစ်ရာသီကို ကွန်တိန်နာအလုံး ၂၀ လောက် လိုချင်ကြတယ်။ ဒါပေမယ့် သူတို့မှာသလောက် အပြည့်အဝမပို့နိုင်ဘူး။ တောင်သူတွေကလည်း လိုက်မစိုက်ကြသေးဘူး။ စည်းရုံးနေဆဲဖြစ်ပါတယ်။ သူတို့တွေက မိရိုးဖလာဒေသမျိုးကိုပဲ အားသန်နေကြတယ်"ဟု ရှင်းပြသည်။



တောင်သူများ၏အဆိုအရ 'အထက်မှာသရက်၊ အောက်မှာကျွဲကော' ဆိုသကဲ့သို့မြန်မာပြည်အထက်ပိုင်း၌ သရက်ပင် အစိုက်များသကဲ့သို့ အောက်မြန်မာပြည်၌ ကျွဲကောစိုက်သူများပြားကြောင်း သိရသည်။ ကျွဲကောမျိုးများကို မြန်မာနိုင်ငံအောက်ပိုင်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့၌ စိုက်ပျိုးကြပြီး ဒေသမျိုးဖြစ်သည့် ပန်းရောင်(၁)များကိုသာ စိုက်ပျိုးမှုများပြားခဲ့သည်ဟု သိရသည်။

ဥက္ကဋ္ဌဦးဝင်းရွှေက "ပျားရည် ကျွဲကောသီးတွေက တစ်လုံးကို တစ်ကီလိုဂရမ်၊ တစ်ကီလိုဂရမ်ခွဲ ဆိုဒ်တွေဆိုတော့ အလုံးညီတယ်။ အခွံပါးတယ်။ အသားကပန်းရောင်သမ်းတယ်။ မွှေးတဲ့အနံ့ရှိတယ်။ အရသာက ပျားရည်လိုအချိုဘက်ကို ပိုတဲ့အတွက် နိုင်ငံခြားသားတွေ ကြိုက်တယ်။ အခုဆိုရင် ဥရောပနိုင်ငံတွေကပါ ကမ်းလှမ်းကြတယ်။ ဈေးကွက်လိုအပ်ချက်အရ အများကြီးစိုက်ဖို့ လိုလာပြီ"ဟု လက်ရှိဈေးကွက်အနေအထားကို ပြောပြသည်။



ပျားရည်ကျွဲကောမျိုးမှာ ရန်ကုန်ဝန်းကျင်၌စိုက်ပျိုးပါက ဇန်နဝါရီ၊ ဖေဖော်ဝါရီလများ၌ အဖူးများဖူးပြီး အသီးတင်ပြီးနောက် ရှစ်လ၊ ကိုးလဝန်းကျင်တွင် အသီးကို ဆွတ်ခူးကြရပြီဖြစ်သည်။ ဒေသမျိုး ပန်းရောင်(၁)ကျွဲကောသီးများကို ရောင်းကြရာ၌ ယနေ့ထက်တိုင် အလုံးအကြီးအသေးကို ကြည့်၍ ဈေးဖြတ်ဝယ်ယူလေ့ရှိသော်လည်း ပျားရည်ကျွဲကောသီးများကို အလေးချိန်စနစ်ဖြင့် ချိန်တွယ်ရောင်းချခြင်းကို စမ်းသပ်နေပြီဖြစ်ကြောင်း သိရသည်။

"ယခင်က ကျွဲကောသီးဝယ်ရင် အလုံးကိုကြည့်တယ်။ အလေးအပေါ့ ချိန်ဆကြတယ်။ အလုံးလိုက်ရောင်းတဲ့စနစ်ပဲ။ အလုံးလိုက် ဝယ်လိုက်ရတဲ့အတွက် စားသုံးသူဘက်က နစ်နာတယ်။ အချို့က အခွံထူပြီး အသားသေးတယ်။ ပျားရည်ကျွဲကောမျိုးကျတော့ အလုံးညီတယ်။ အခွံပါးတဲ့အတွက် အလေးချိန်စနစ်နဲ့ စမ်းသပ်ရောင်းနေပြီ။ အဲဒီနစ်က စားသူတွေဘက်က ၇၅ ရာခိုင်နှုန်း အားသာချက်ရှိတယ်"ဟု ပြောသည်။ ပျားရည်ကျွဲကောကို စိုက်ပျိုးရာတွင် အလုံးကြီးရန်ထက် အနှစ်သာရပြည့်ဝရန်၊ အသီးအရည်အသွေးကောင်းရန် ဦးစားပေးပြီး စိုက်ပျိုးနေကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**

# ခြင်းလုံးအလှခတ်ပွဲနှင့် မြန်မာ့သိုင်း သရုပ်ပြပွဲကျင်းပ

**ကျောင်းကုန်း နိုဝင်ဘာ ၅**
မြန်မာ့ရိုးရာ ခြင်းခတ်ကစားနည်းနှင့် မြန်မာ့သိုင်းပညာ တိမ်ကောပျောက်ပျက်မသွားစေရန် ရည်ရွယ်၍ မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပွဲနှင့် မြန်မာ့သိုင်းသရုပ်ပြပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးကျော်လွင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းက ရိုးရာအားကစားနည်းများအတွက် မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာစေရေး တိုက်တွန်းပြောကြားကာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက မြန်မာ့သိုင်းပညာ ပေါ်ပေါက်လာပုံနှင့် ပြန့်ပွားတိုးတက်ရေး၊ အနာဂတ်မျိုးဆက်သစ် သိုင်းကစားသမားများ ပေါ်ထွက်လာစေရေးဆိုင်ရာများ၊ ဧရာဝတီတိုင်းဒေသကြီး ခြင်းလုံးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းယုက ရိုးရာခြင်းခတ်ကစားနည်း ပြန့်ပွားတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းကုန်းမြို့နယ် မျိုးဆက်သစ် သိုင်းဝါသနာရှင်များနှင့် မြန်မာ့လက်ရွေးစင် သိုင်းသမားများက လက်သိုင်းပညာစဉ်ပြ၊ ဓားတစ်လက်ပညာစဉ်ပြ၊ အဖွဲ့လိုက် လက်သိုင်းအခြေခံသရုပ်ပြ၊ လက်နက်ကိုင်လေးဦးနှင့် လက်နက်မဲ့တစ်ဦး ဝိုင်းထွက်သရုပ်ပြတို့ကို ပြသခဲ့ပြီး လက်ရွေးစင်အဖွဲ့ကလည်း လက်နက်မဲ့တစ်ဦး လက်နက်ကိုင်သုံးဦးသရုပ်ပြ၊ လက်နက်မဲ့တစ်ဦး လက်နက်ကိုင်ငါးဦး သရုပ်ပြ၊ ဗန်တိုအချုပ်အဖြည်သရုပ်ပြ၊ ဓားနှစ်လက်ပညာစဉ်ပြ၊ ပြိုင်ပွဲဝင်ဗန်တိုအတိုက်သရုပ်ပြတို့ကို ကစားပြခဲ့ကြသည်။

ခြင်းအလှခတ်ပွဲတွင်လည်း မြန်မာ့လက်ရွေးစင် သိင်္ဂီမင်းမင်းစိုးက အနုအလှ ရသစုံလင်စွာ ခတ်ကစားပြသခဲ့ပြီး ပန်းတနော်မြို့၊ ရေကြည်မြို့၊ အသုတ်မြို့၊ ကျုံပျော်မြို့နှင့် ပုသိမ်မြို့တို့မှ ခြင်းလုံးဝါသနာရှင်များက ခြင်းအလှခတ်ကစားပြကာ ခြင်းလုံးပညာရှင်များဖြစ်သော ခေတ္တရာအောင်အောင်(ရန်ကုန်)၊ ဟသ်ာတအောင်အောင်၊ ဝါသနာလုလင်အောင်စိုးမိုး(နေပြည်တော်)တို့ကလည်း မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပညာကို ပြသခဲ့သည်။



မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပွဲနှင့် မြန်မာ့သိုင်းသရုပ်ပြပွဲဖြစ်မြောက်အောင် ကိုရဲကြီး ဆိုင်ကယ်ရောင်းဝယ်ရေးက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# လုံးခင်း ဥရုချောင်းထဲက ရှင်ဥပဂုတ္တဆောင် ရေမျှောပူဇော်ပွဲနဲ့ သီတင်းကျွတ်ည

**နိုင်မိုး(လုံးခင်း)**



ဖားကန့်၊ လုံးခင်း မော်ဒေသတစ်ခွင်လုံးမှာ သာသနာထွန်းကားပြန့်ပွားလာတာဟာ ဆယ်စုနှစ် နှစ်ခုထဲမှာ တကယ့်ကို အံ့မခန်းတိုးတက်လာတယ်လို့ ပြောရမှာဖြစ်ပါတယ်။ တစ်ချိန်တုန်းကဆိုရင် သာသနာနဲ့ပတ်သက်လို့ ဖားကန့်-လုံးခင်း အပါအဝင် တာမခန်း၊ ဟောင်ပါး၊ ဆယ်ဇင်းဆိုတဲ့ ရွာငါးရွာမှာ ဘုန်းကြီးကျောင်းကလည်း ငါးကျောင်းပဲရှိခဲ့တယ်လို့ သိရပါတယ်။ အခါကြီးရက်ကြီးရောက်ပြီဆိုရင် မော်ကြို မော်ကြားမှာ ကျောက်တူးနေကြတဲ့ ကျင်းသားတွေက သူတို့နဲ့နီးစပ်တဲ့ ကျောင်းတွေမှာပဲ ကျောင်းတက်၊ တရားနာခဲ့ကြတယ်။

၁၉၉၈ ခုနှစ်နောက်ပိုင်း ဆိုင်းတောင်ဘုန်းတော်ကြီးကျောင်း၊ တောမော်ဘုန်းတော်ကြီးကျောင်းဆိုပြီး တစ်မော်တစ်ကျောင်း သာသနာပြန့်ပွားလာခဲ့တယ်။ မော်ပေါင်းစုံက တောင်ကုန်းတောင်တန်းတွေပေါ်မှာလည်း ဘုရားစေတီတွေ ရွှေရောင်တဝင်းဝင်းနဲ့ ဖူးတွေ့လာခဲ့ရပါတယ်။

**စွန့်စွန့်စားစား သာသနာပြုခဲ့သူ**

မော်ဒေသမှာ အခုလို သာသနာထွန်းကားပြန့်ပွားလာအောင် အခက်အခဲပေါင်းများစွာကို ကျော်ဖြတ်ပြီး သာသနာပြုတဲ့ဆရာတော်ကတော့ လုံးခင်းဆရာတော် ဦးမေဓိယ ဖြစ်ပါတယ်။ ကျောင်းတိုက်နာမည်ကိုလည်း လုံးခင်း မေဓိကာရာမ ကျောင်းတိုက်လို့ ခေါ်တွင်ခဲ့တယ်။ မော်ထဲမှာ KIA စပြီးပေါ်လာတဲ့နောက် တဒုန်းဒုန်း တဒိုင်းဒိုင်းနဲ့ မတည်မငြိမ်ဖြစ်လာတဲ့အခါ လုံးခင်းရွာသူရွာသားတွေက ရွာမှာ မနေရဲလို့ ဆင်းပြေးကြတယ်။ အချို့မော်ရွာတွေက တူးလက်စ ကျောက်ကျင်းတွေကို ပစ်ပြီး ဆင်းပြေးကြတာတွေလည်း ရှိခဲ့တယ်။

အဲဒီအချိန်မှာ ဆရာတော်က ကိုရင်၊ ကျောင်းသားတွေနဲ့ဆိုတော့ ဆွမ်းကွမ်းကိစ္စတွေမှာ အခက်အခဲရှိခဲ့တယ်လို့ သိရတယ်။ ဒါပေမယ့် ဆရာတော်က အစစအရာရာ သည်းခံပြီး တောတောင်တွေကြား၊ သေနတ်သံတွေကြားမှာ စွန့်စွန့်စားစား သာသနာပြုခဲ့တယ်။ အခုဆိုရင် ဘယ်မော်ကျောင်းကိုပဲကြည့်ကြည့် လုံးခင်းဆရာတော်ရဲ့ တပည့်တွေပဲ တွေ့ရပါတယ်။

**လုံးခင်းဆိုတဲ့ရှမ်းရွာလေး**

လုံးခင်းဆိုတာ တစ်ချိန်က တိုင်းလိုင် (ရှမ်းနီ) လူမျိုးတွေ စပြီး တည်ခဲ့တဲ့ရွာဖြစ်ပါတယ်။ ရှမ်းနီ အခေါ် 'လုံးခမ့်'ဖြစ်ပြီး လုံးဆိုတာ တောင်ဆင်း၊ ခမ့်ဆိုတာ ဆည်၊ ဒီတောင်ဆင်းရင် ဆည်တွေ့တဲ့နေရာလို့ ခေါ်ပါတယ်။ နောက် ဗမာတွေများလာပြီး ဗမာတွေက မပီတပီနဲ့ လုံးခင်းလို့ခေါ်ရာကစ 'လုံးခင်း'လို့ ဖြစ်လာခဲ့ပါတယ်။ အခုအချိန်မှာတော့ ရှမ်း၊ ဗမာလူမျိုးတွေ အများဆုံးနေထိုင်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြတာများပါ တယ်။

ကျင်းပနေဆဲဖြစ်တဲ့ ပွဲလေးကတော့ လုံးခင်းဘုန်းကြီးကျောင်းနဲ့ ကပ်လျက်ရှိတဲ့ ဥရုချောင်းထဲမှာ ရှင်ဥပဂုတ္တဆောင်ပြုလုပ်ပြီး ဆီမီးတစ်ထောင်နဲ့အတူ ရေမျှောပူဇော်တဲ့ပွဲပါ။ ရှင်ဥပဂုတ္တဆောင်ဆိုပေမယ့် ကုန်းပေါ်မှာလို ခိုင်ခိုင်မာမာဆောက်တာ မဟုတ်ပါဘူး။ ဖောင်ဖွဲ့ပြီး ရေထဲမှာဆောက်တဲ့ ယာယီစံကျောင်း ဖောင်အသေးလေးပါ။

သီတင်းကျွတ်ပြီဆိုရင် ကိုရင်တွေနဲ့ ကျောင်းသားကြီးတွေက ကျောင်းဝင်းထဲမှာရှိတဲ့ ငှက်ပျောပင်တွေကိုခုတ်၊ ဥရုချောင်းထဲချ၊ တစ်တုံးနဲ့တစ်တုံးတွဲချိတ်ပြီး ဖောင်ဖွဲ့ကြတယ်။ ပြီးရင် အဲဒီငှက်ပျောဖောင်ပေါ်မှာ ပြသာဒ်ပုံစံဆောက်၊ ရွှေစက္ကူ၊ ငွေစက္ကူ ရောင်စုံတွေကပ်၊ အထဲမှာ ရှင်ဥပဂုတ္တရုပ်တုပုံတော်ကို သပ်သပ်ရပ်ရပ်တင်ပြီး ရှေ့မှာ ကန်တော့ပွဲတစ်ပွဲ ချလိုက်တယ်။ နောက်ပြီး ပန်းကန်ပြားထဲကို သစ်သီးမျိုးစုံထည့်၊ နောက်တစ်ချပ်က မုန့်မျိုးစုံနဲ့ ပေါက်ပေါက်ဆုပ်၊ ဝတ္ထုငွေကတွေ လှူတင်ပူဇော်ကြတယ်။ ကျောင်းဝင်းတစ်ခုလုံး ဝင်းထိန်လို့ပေါ့။ ဥရုချောင်းတစ်ချောင်းလုံးဟာလည်း မီးရောင်စုံထွန်းညှိထားတဲ့ ရှင်ဥပဂုတ္တဆောင်နဲ့အတူ ရောင်စုံမီးခွက်တွေဟာ အဝေးကကြည့်ရင် တကယ့်ကို ကြည်နူးစရာကောင်းလှပါတယ်။

**ကျေးငှက်တွေနဲ့ မျောက်တွေ၊ ငါးတွေကလည်း ပျော်လို့**

ညနေမှောင်ရီပျိုးကာစ အိပ်တန်းပြန်လာကြတဲ့ ဥရုချောင်းနဲ့ကပ်လျက် ဘေးမဲ့တောထဲက ကျေးငှက်တွေရဲ့အသံတွေကလည်း ခါတိုင်းနေ့နဲ့မတူ ကျယ်လောင်တဲ့ အသံမျိုးစုံ တွန်ကျူးလို့။ ဘုရားကုန်းပေါ်က မိုးမှောင်ဦးစီးတဲ့ မျောက်တွေကလည်း ရှေ့ကျွမ်းနောက်ကျွမ်းပစ်ပြီး ကခုန်ပျော်မြူးနေကြတယ်။ ဆရာတော်ကြီးလက်ထက်က စပြီး မွေးမြူထားခဲ့တဲ့ ဥရုချောင်းထဲက ရွှေငါး၊ ငွေငါးတွေကလည်း အဆောင်ပေါ် ခုန်တက်သူတက်၊ ဆင်းသူကဆင်းနဲ့၊ တချို့က ရေထဲကဆီမီးခွက်ကို ဝိုင်းပတ်ပြီး တစ်ကောင်နဲ့တစ်ကောင်ယှက်လို့ မြူးထူးနေကြပုံပဲ။

ဘေးမဲ့တောထဲမှာတည်ထားတဲ့ အနန္တမုနိစေတီတော်၊ သီရိစန္ဒာစေတီတော်နဲ့ လွမ်းစေတီတွေမှာလည်း ဆီမီးတွေဝင်းထိန်လို့ ဘုရားဖူးတွေနဲ့စည်ကားပြီး ပျော်ရွှင်စရာကောင်းတဲ့ သီတင်းကျွတ်ညလေးတစ်ည ဖြစ်ခဲ့တယ်။ ဥရုချောင်းကမ်းတစ်လျှောက်နဲ့ လုံးခင်းတံတားအိုကြီးပေါ်မှာလည်း ဖောင်မျှောအလာကို စောင့်ကြည့်နေကြတဲ့သူတွေက တံတားအိုကြီး ကျိုးမတတ်။ လူတွေကအပြည့်။ တကယ့်ကို ကြည်နူးစရာကောင်းတဲ့ လုံးခင်းသီတင်းကျွတ်ညနဲ့ ဥရုချောင်းထဲက ရှင်ဥပဂုတ္တဆောင် မီးမျှောပူဇော်တဲ့ပွဲလေးပါ။

**ဘေးမဲ့တောထဲမှာတည်ထားတဲ့ အနန္တမုနိစေတီတော်၊ သီရိစန္ဒာစေတီတော်နဲ့ လွမ်းစေတီတွေမှာလည်း ဆီမီးတွေဝင်းထိန်လို့ ဘုရားဖူးတွေနဲ့စည်ကားပြီး ပျော်ရွှင်စရာကောင်းတဲ့ သီတင်းကျွတ်ညလေးတစ်ညဖြစ်ခဲ့တယ်။ ဥရုချောင်းကမ်းတစ်လျှောက်နဲ့ လုံးခင်းတံတားအိုကြီးပေါ်မှာလည်း ဖောင်မျှောအလာကို စောင့်ကြည့်နေကြတဲ့သူတွေက တံတားအိုကြီး ကျိုးမတတ်။ လူတွေကအပြည့်။ တကယ့်ကို ကြည်နူးစရာကောင်းတဲ့ လုံးခင်းသီတင်းကျွတ်ညနဲ့ ဥရုချောင်းထဲက ရှင်ဥပဂုတ္တဆောင် မီးမျှောပူဇော်တဲ့ပွဲလေးပါ**

**လုံးခင်းသာသနာကို ပြုစုပျိုးထောင်သူများ**

ဆရာတော်နဲ့အတူ သာသနာကို ပြုစုပျိုးထောင်ကြတဲ့ လုံးခင်းကျေးရွာက ယောဂီအမျိုးသမီးတွေကို မေးကြည့်လိုက်တော့ "ဒီရှင်ဥပဂုတ္တဆောင် ရေမျှောပူဇော်ပွဲကိုကျင်းပတာဟာ နှစ်ပေါင်းငါးဆယ် ကျော်ခဲ့ပါပြီ။ ဆရာတော်ကြီး လက်ထက်ကစပြီး ခုချိန်ထိ တစ်နှစ်မှ မပြတ်သေးပါဘူး။ နောက်နောင် မျိုးဆက်သစ်တွေကိုလည်း ခုလိုလုပ်တတ်အောင် သင်ပေးထားပါတယ်"လို့ လုံးခင်းကျေးရွာ အမျိုးသမီးကြီးအဖွဲ့မှ ဒေါ်ခင်မူက ပြောပြပါတယ်။

**ဖားကန့်မော်တစ်ခွင် သာသနာပြန့်ပွားစေသား**

လုံးခင်းရဲ့သီတင်းကျွတ်ညလေးနဲ့အတူ ဥရုချောင်းထဲက ရှင်ဥပဂုတ္တဆောင် ရေမျှောပူဇော်တဲ့ပွဲတော်လေးကို မြင်တွေ့လိုက်ရတော့ ရင်ထဲမှာ ကြည်နူးဝမ်းသာမိတာ အမှန်ပါ။

လုံးခင်းသာသနာနဲ့အတူ ဖားကန့်မော်ဒေသတစ်ခုလုံး ဘာသာ သာသနာ စည်ပင်ထွန်းကားပါစေလို့လည်း ဆုတောင်းမိပါတယ်။ ဥရုချောင်းရေနဲ့အတူ မျောပါသွားတဲ့ ဆီမီးရောင်စုံတွေကြားက ရှင်ဥပဂုတ္တဆောင်လေးကိုကြည့်ပြီး ဥရုချောင်းမှသည် ချင်းတွင်း၊ ချင်းတွင်းမှ ဧရာဝတီ၊ ဧရာဝတီမှ ပင်လယ်၊ ပင်လယ်မှ သမုဒ္ဒရာရေတို့နဲ့အတူ ကမ္ဘာ့ကုန်းမြေအနှံ့ ဗုဒ္ဓသာသနာပြန့်ပွားပါစေလို့ ဆန္ဒပြုလျက်။ ။

သီတင်းကျွတ်ပြီဆိုတာနဲ့ ကျောင်းရှေ့ကွင်းပြင်ကြီးမှာ ၁၄ ရက်နေ့နဲ့ လပြည့်နေ့တွေဆိုရင် တစ်ရပ်ကွက်ကိုတစ်ည တစ်လှည့်စီ ကုန်းမီးတစ်ထောင် ဆီမီးပူဇော်ကြတယ်။ ရွာသူရွာသားတွေနဲ့ ဗုဒ္ဓဘာသာ လူငယ်မောင်မယ်တွေ၊ လုံးခင်းအထက ကျောင်းသားကျောင်းသူတွေစုပြီး ဆီမီးပူဇော်ရင်း မီးပုံးပျံတွေ လွှတ်တင်ကြတယ်။ လူငယ်တွေက အိုးစည်ဒိုးပတ်ဝိုင်းနဲ့ ဦးရွှေရိုး၊ ဒေါ်မိုးအကတွေ ကကြတယ်။ လူငယ်မောင်မယ်တွေကလည်း ရှမ်းအိုးစည်တီးလို့ ရှမ်းအကတွေ ဝိုင်းဖွဲ့လို့ ကကြတယ်။ တကယ်ကိုပျော်စရာကောင်းပါတယ်။ လုံးခင်းကျေးရွာအနီးမှာရှိတဲ့ မော်စီစာ၊ ကုဋ္ဌေ၊ မားဆား၊ ဆန်ခါဆိုတဲ့ မော်ရွာတွေကလွှတ်တင်တဲ့ မီးပုံးပျံတွေကလည်း ကောင်းကင်ယံမှာ အားလုံးဆုံစည်းလို့ အလှချင်းပြိုင် ပူဇော်နေကြလေရဲ့။

**ဥရုချောင်းထဲက ရှင်ဥပဂုတ္တဆောင်**

လုံးခင်းရဲ့ သီတင်းကျွတ်မီးထွန်းပွဲတော်ရက်တွေမှာ ထူးခြားတဲ့ရက်ကတော့ လဆုတ်တစ်ရက်နေ့ပါ။ အဲဒီနေ့မှာ ဆရာတော်ကြီးလက်ထက်ကစပြီး ယနေ့အထိ နှစ်သောင်း သုံးသောင်း ကန်တော့ပွဲထည့်ပြီး ဖောင်ပတ်ပတ်လည်မှာ ဖယောင်းတိုင်တွေ ထွန်းလိုက်တယ်။ မလွှတ်ခင်မှာ အဆောင်ကို တံခွန်ကုက္ကားတွေနဲ့ လှပအောင်ဆင်ပြီး ဆီမီးတွေထွန်းညှိလိုက်ကြတော့ တကယ့်ကို ကြည်ညိုစရာကောင်းတဲ့ ရှင်ဥပဂုတ္တဆောင်လေး ဖြစ်သွားတယ်။

ညမှောင်ရီပျိုးချိန်ရောက်တာနဲ့ ဒေါ်သန်းတင်၊ ဒေါ်ခင်ပုတို့ဦးဆောင်တဲ့ အမျိုးသမီးကြီးအဖွဲ့၊ လူပျို၊ အပျိုတွေ၊ ကျောင်းသူ ကျောင်းသားတွေဟာ ရောင်စုံထွန်းညှိထားတဲ့ ရှင်ဥပဂုတ္တဆောင်ကို ရေထဲမျှောချ ပူဇော်လိုက်ကြတယ်။ နောက်အသင့်လုပ်ထားတဲ့ ဆီမီးခွက်တွေကို မီးညှိမျှောချ ပူဇော်ကြပြန်တယ်။ အဲဒီအချိန်မှာ ကမ်းစပ်မှာရောက်ရှိနေတဲ့ လူငယ်တွေရဲ့ အိုးစည်ဒိုးပတ်သံနဲ့ ရှမ်းအိုးစည်အသံတွေက ဥရုချောင်းတစ်လျှောက် ဘဝဂ်ညံလို့ပေါ့။

**ကုန်းမီးတစ်ထောင်နဲ့မီးပုံးပျံ**

တစ်ချိန်တည်းမှာပဲ ကျောင်းကြီးရှေ့ကွင်းပြင်မှာ ကုန်းမီးတစ်ထောင်နဲ့ မီးပုံးပျံ

## ကယားရိုးရာ ကောက်ဦးစပါးနှံတင်လှူပူဇော်ပွဲကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၅**

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါပေါ်ကလဲကျေးရွာအုပ်စု ထေးငှားလျားကျေးရွာရှိ ကေ့ထျိုးဘိုး(ခေါ်)တံခွန်တိုင်ရိုးရာကွင်း၌ ကယားရိုးရာ ကေ့ထျိုးဘိုးဘော့ပလျား(ခေါ်) ကောက်ဦးစပါးနှံ တင်လှူပူဇော်ပွဲကို နိုဝင်ဘာ ၃ ရက်က စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

ကောက်ဦးစပါးနှံတင်လှူပူဇော်ပွဲကို နှစ်စဉ် ကောက်ဦးပေါ်စ တန်ဆောင်မုန်းလဆန်းပိုင်းတွင် ကျင်းပကြသည်။ မိမိတို့စိုက်ပျိုးထားကြသည့် လယ်ယာမြေမှ ထွက်ရှိလာသည့် ဦးဦးဖျားဖျားပေါ်စ စပါးသီးနှံကို ဆိုင်ရာ(ကေ့ထျိုးဘိုး)တိုင်စောင့်နတ်ကို ပူဇော်ပသကြပြီး သဘာဝဘေးအန္တရာယ်များနှင့် ပိုးမွှားဘေးအန္တရာယ်တို့မှ ကင်းဝေးစေရန်၊ ကောက်ပဲသီးနှံ အောင်မြင်ဖြစ်ထွန်းရန်အတွက် ကျေးရွာသူကျေးရွာသားတို့ စုပေါင်းဆုတောင်းကြသည်။

ထို့နောက် နောင်ဖြစ်လာမည့် ရပ်ရေးရွာရေး၊ စိုက်ပျိုးရေး၊ လူမှုရေး၊ ကျန်းမာရေး အစရှိသည်များကိုလည်း ကြက်ရိုးထိုး၍ နတ်ဆရာက ဟောကိန်းထုတ်ကာ ကောက်ဦးစပါးသီးနှံ တင်လှူထားသည့်တိုင်တော်ကို အိုးစည်ဗုံမောင်းများတီးခတ်၍ စိုက်ထူကြပြီး အရာရာအောင်မြင်ရေးအတွက် ဝိုင်းဝန်းဆုတောင်း မေတ္တာပို့သကြသည်။ ထို့နောက် ရပ်ရွာစည်းလုံးညီညွတ်မှုတည်တံ့ရေး အထိမ်းအမှတ်အနေဖြင့် ဝိုင်းဖွဲ့၍ လက်စုံထမင်းစားကြသည်။ ကောက်ဦးစပါးနှံတင်လှူပူဇော်ပွဲသည် ကယားတိုင်းရင်းသားဘိုးဘွားများလက်ထက်မှစ၍ ရိုးရာမပျက် နှစ်စဉ်နှစ်တိုင်းကျင်းပသည့်ပွဲဖြစ်ကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**





Social Pack
MPT
ရွှေသို့လှမ်းမျှိုမြန်မာပြည်
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook . Viber . Line . COC*. Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ
200MB/199Ks
*3001#
SP1 to 1332
၇ ရက်
1000MB/999Ks
*3002#
SP2 to 1332
ရက် ၃၀
4000MB/3999Ks
*3003#
SP3 to 1332
● MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
● သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
● VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
● *အသေးစိတ်အချက်အလက်များကို Terms & Conditions တွင် ကြည့်ရှုနိုင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ဖြည့်စွက်ရန်ပုံငွေဖြင့် ကော်မတီနယ်နိမိတ်အတွင်းရှိ လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်း များဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ကန်ထရိုက်လိုင်စင်ရ ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါတင်သွင်းရမည့်ရက်** - ၉-၁၁-၂၀၁၆ ရက်

(ခ) **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၇-၁၂-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ၁၆:၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင် ၉-၁၁-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များသိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လမ်းတံတားဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၃၆၁၇၂၊ ၃၆၁၇၃**
**လိုင်းခွဲ-၁၅၅၊ ၁၅၇**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ရေငန်တားတာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး(စစ်တွေ)၌ ၇-၁၁-၂၀၁၆ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၂-၁၁-၂၀၁၆ရက် နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၂။ တင်ဒါရွေးချယ်ရာ၌ ပြည်နယ်အစိုးရအဖွဲ့၏ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်အညီ ရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ပြည်နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (စစ်တွေ) ဖုန်း-၀၄၃-၂၄၃၁၈၊ ၀၄၃-၂၂၂၁၂တို့တွင် ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (Myanmar Maritime University) တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အောက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| ဖွင့်လှစ်မည့်သင်တန်းများ | သင်တန်းကာလ | လက်ခံမည့်ဦးရေ |
|---|---|---|
| (က) သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Shipping Management) | အချိန်ပြည့် (၁)နှစ် | ၅၀ |
| (ခ) ဆိပ်ကမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Port Management) | အချိန်ပြည့် (၁)နှစ် | ၅၀ |
| (ဂ) သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Shipping Management) | အချိန်ပိုင်း(၂)နှစ် | ၅၀ |
| (ဃ) ဆိပ်ကမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Port Management) | အချိန်ပိုင်း (၂)နှစ် | ၅၀ |

၂။ ပညာအရည်အချင်းသတ်မှတ်ချက်
(က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(ခ) လုပ်ငန်းခွင်နှင့်ဆက်စပ်မှုရှိသူများကို ဦးစားပေးစဉ်းစားမည်။

၃။ ဒီပလိုမာသင်တန်းအားလုံးအတွက် ဝန်ထမ်းဖြစ်လျှင် (ပုဂ္ဂလိကလုပ်ငန်းအပါအဝင်)၊ ဌာနဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ အချိန်ပြည့်သင်တန်းကို တစ်ပတ်လျှင် ၅ရက် (တနင်္လာနေ့မှ သောကြာနေ့)အထိ နံနက် ၈:၃၀နာရီမှ ညနေ ၄:၀၀နာရီအတွင်း သတ်မှတ်ထားသောအချိန်ဇယားအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ပို့ချပေးမည်ဖြစ်ပါသည်။

၅။ အချိန်ပိုင်းသင်တန်းကို တစ်ပတ်လျှင် ၅ရက် (တနင်္လာနေ့မှ သောကြာနေ့)အထိ နံနက် ၇:၀၀နာရီမှ နံနက် ၉:၀၀နာရီအထိ သတ်မှတ်ထားသောအချိန်ဇယားအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သခင်မြပန်းခြံအနီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနဝင်း (Logistics Training Centre) တွင် ပို့ချပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းအောင်မြင်ပြီးဆုံးပါက အောက်ပါအတိုင်း ဒီပလိုမာဘွဲ့များ ပေးအပ်မည်ဖြစ်ပါသည်-
(က) သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ Dip.SM
(ခ) ဆိပ်ကမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ Dip.PM

၇။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၁၆ခုနှစ် နိုဝင်ဘာ ၉ရက်မှ စတင်ထုတ်ယူနိုင်ပြီး နိုဝင်ဘာ ၂၃ရက်နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ အမျိုးသားမှတ်ပုံတင် (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း ဖုန်း-၀၉-၂၆၄၅၇၂၃၆၁ နှင့် ၀၉-၇၉၈၁၈၄၃၃၂ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မှတ်ခွံရောရာများကို ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆိုအိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ပစ္စည်းကြည့်ရမည့်နေရာ** - အမှတ် ၆၉/၇၁၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်

(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်

(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ဝန်ကြီးရုံး) ရုံးအမှတ် ၁၉၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တွင် တစ်စုံလျှင် ၂၀၀၀/-(ကျပ်နှစ်ထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁၀-၁၁-၂၀၁၆ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၆-၁၂-၂၀၁၆ရက် ၁၆:၀၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၄၀၈၃၊ ၀၆၇-၄၁၄၁၈၄ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | Brunton Compass | 5 | Nos. |
| (ခ) | Polarizing Microscope with Trinocular Eyepiece Tube | 1 | Set. |
| (ဂ) | Dehumediffier | 1 | Set. |
| (ဃ) | Stand Fan (24") | 4 | Nos. |
| (င) | Generator (Sound Proof Type) | 1 | Set. |
| (စ) | Radiation Dosimeter | 1 | Set. |

၂။ တင်ဒါတင်သွင်းခြင်းကို ၃-၁၁-၂၀၁၆ ရက်မှ ၂-၁၂-၂၀၁၆ ရက် ၁၆:၀၀ နာရီအတွင်း မည်သူမဆို လွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်-

**ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဝယ်ယူရေးနှင့် ထောက်ပံ့ရေးဌာနစု**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊**
**နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၄၀၇၉**

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## Logistics ဘွဲ့လွန်ဒီပလိုမာ
## ညနေပိုင်းသင်တန်းသားများခေါ်ယူခြင်း

